# သခင့်စကား

The LORD's Word

ဝိညာဉ်ရေးရာစာစောင်

ဤသူတို့သည် အကျွန်ုပ်ကို အမှီပြုသဖြင့် ဝမ်းမြောက် ခြင်းနှင့် ပြည့်စုံမည်အကြောင်း ဤစကားကို ဤလောက၌ အကျွန်ုပ်ပြောပါ၏ ။ ယော ၁၇:၁၃

အမှတ်စဉ် (၉၀) | ဖေဖော်ဝါရီလ ၂၀၀၉ ခုနှစ် | ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ ကိုး အခမဲ့ ဖြန့် ချီသည် )


**အခွဲ–၅ (သို့ မဟုတ်) ပူဖောင်းနဲ့ လူဟောင်း (မင်းအောင်သက်လွင်)**

ငယ်ငယ်က ငါ လိုချင်ခဲ့တာ 'ပူဖောင်း' ၊ ရော်ဘာ ပျော့ပျော့၊ အရောင်ဖျော့ဖျော့နဲ့
လေ အသော့မှာ ဆော့ကစား လို့ရတဲ့ 'ပူဖောင်း'။ သူ့ကိုယ်ထဲမှာ –
ပါးစပ် တစ်မှုတ်၊ လက်တစ်ဆုပ်စာ'လေ'တွေကို ခပ်လျော့လျော့ ထုပ်ထားတယ်။
မင်္ဂလာ မဏ္ဍပ်၊ အလှူ ၊ ကလပ် နဲ့ မွေးနေ့ ပွဲတွေတိုင်းမှာ သူ မပါရင် မပြီးခဲ့ပါ။
'ပူဖောင်း'ရဲ့ အသက်–တစ်မနက်လား၊ ခုနှစ်ရက်လား၊ ဘာမှ မရေရာ
ဆူး စူးမိရင် ပေါက်သွားမယ်။ ရော်ဘာသား ပါး ရင်ပေါက်သွားမယ်။
ပူဖောင်းထဲက လေ 'ရှူးကနဲ' ဘဲ ဖြစ်ဖြစ်၊ 'ဘောင်းကနဲ'ဘဲ ဖြစ်ဖြစ်၊
ပေါက်ကွဲသွားချိန်မှာတော့ ရှုံ့တူတဲ့ လမ်းပေါ်မှာ လူတကာရဲ့ ခြေနင်းဖတ် ဖြစ်သွားမယ် ။



ငယ်ငယ်က ငါရှင်သန်ခဲ့တာ 'လူဟောင်း' ၊ စစ်မှန်တဲ့ လူမျိုး၊
ပညာကို အရောင်ဆိုးပြီး လူကုံထံတွေကြားမှာ လူတန်းစေ့ နေနိုင်အောင်
တိုက် မြေ ခြံ ကား၊ သမီး မယားနဲ့ မနဲ ကျားကန် ထားရတယ်။
ဘုရားကျောင်းပလ္လင်ပေါ်မှာ၊ အိမ်ဦးခန်းမှာ၊ ကုမ္ပဏီရုံးခန်းမှာ မိန့်မိန့်ကြီး ထိုင်နေခဲ့ပေမဲ့၊
'လူဟောင်း'ရဲ့ အသက် တစ်မနက်လား၊ ခုနှစ်ရက်လား၊ ဘာမှ မသေချာ –
ရောဂါဘယ ကြောင့်ဘဲ ဖြစ်ဖြစ်၊ လူသတ် လက်ကြောင့်ဘဲ ဖြစ်ဖြစ်
မတော်တဆကြောင့်ဘဲ ဖြစ်ဖြစ်၊ "ဖြုတ်ကနဲ" အသက်ထွက်သွားချိန်မှာတော့
သုသာန် တစပြင်မှာ လူတကာရဲ့ ခြေနင်းဖတ် ဖြစ်သွားမယ်။ ။



---

**ကိုယ်တော့်ကျေးဇူး Mary (ဖျာပုံ)** ၄၀နှစ်ပြည့် မွေးနေ့ကျေးဇူးတော် ချီးမွမ်းခြင်းဖြင့်

ကိုယ်တော်ရှင်က တမ်းတ နွမ်းလျ လွမ်းဆွတ်ရအောင် ငါ့ကိုဖမ်းစားခဲ့တာဘဲ။
ကိုယ်တော်ရှင်က ပြုံးရ ရယ်ရ ပျော်ရွှင်ပျအောင် ငါ့ကို ဆွဲဆောင်ခဲ့တာဘဲ။
ကိုယ်တော်ရှင်က ကြောက်ရ ရှုံ့ရ တွေဝေရအောင် ငါ့ကိုတွန်း ပို့ခဲ့တာဘဲ။
ကိုယ်တော်ရှင်က ချွန်စွ ရဲလှ သတ္တိကြွအောင် ငါ့ကိုလမ်းညွှန်ခဲ့တာဘဲ။
အတွေးနုနယ်၊ နားမလည်စဉ်၊ ဘယ်သူဘယ်ဝါ ငါ့သည်းလွှာထဲ ငါမသိရိုး အမှန်ပင်။
အတွေး ရင့်ကျက် အခက်တစ်ထောင် အနှောင်အဖွဲ့ ရုံးကန်ခဲ့ရင်း
ငါ့ရဲ့မိတ်ဆွေ ဘယ်သူတွေလဲ ကောင်းတာတွေရော မကောင်းတာရော
ခွဲဝေပိုင်းပိုင်း ငါရွေးနိုင်ပြီ ကိုယ်တော်ကျေးဇူးကြောင့်သာပင်။



---

**မပြောင်းလဲသောကတိတော် (ဇင်မာ)**

ဒေါင်းဖန်နေမင်း ရွှေရောင်ဝင်းလို့ ထွက်လာလေပြီ။
မြေကမ္ဘာဆီ ရန်းကန်လှုပ်ရှား ပုထုဇဉ်များ မောပမ်း သမျှ
မလန်းရှာရ ဆည်းဆာချိန် ကြောင့် တစ်နေ့ကုန်ပြီ။
သောင်ပြင်ဖွေးဖွေး နဒီဘေးက ခြေရာလေးလဲ မတည်မြဲ၍
လှိုင်းတို့သဘော ခက်ထန်နှောလို့ ဆောင်းနှင်းရာသို့ ပါခဲ့ပြီ။
တစ်ထောင့်ငါးရာ အချစ်များလည်း ဝေးလို့ မကြာ ခဏတာ၌
ဖောက်ပြားတာလည်း အမှန်ပင်။ သတ္တလောက ရှာမရလည်း
အသင်လူသား၊ ရင်ဖွင့် ထား၍နှလုံးသားဖြင့် နားဆင်ကြည့်ပါ။
ဟောဟိုနေရာထက် အာကာက ယေရှုစကား မှတ်မိပြီလား။
ကောင်းကင်၊မြေကြီး မတည်သော်လည်း ငါ့စကားသည် တည်လိမ့်မည်။



---

**နောက်မကျအသီ EEM**

ဘုရားအတွက် အချို့က ဓမ္မပညာနဲ့ အစေခံ ဆက်ကပ်တယ်။
အချို့က တရားဒေသနာနဲ့ ဟောပြောသက်သေခံတယ်။
အချို့က ဓမ္မတေးသံနဲ့ ဖျော်ဖြေ အသုံးတော်ခံတယ်။
တစ်ယောက်တစ်မျိုး ပုံစံမျိုးစုံနဲ့ ဘုရားအတွက် အစေခံ ဆက်ကပ်နေလိုက်ကြတာ
"ဟီ ဟိ " သေချာ စဉ်စားကြည့်မှ၊ အဲဒီအချို့ အချို့တွေထဲမှာ ငါ မပါ။
အများအမြင်မှာ အထင်ကြီးစေဖို့ထက်
ဘုရားရှေ့တော်မှာ မျက်နှာရဖို့ အတွက် နောက်မကျသေးတဲ့ ငါ ။



---

**ဒီအလှ ဒီလှိုင်း (ပင်လယ်ပြင်ရောက် အမှတ်တရ )**

တိမ်ညွှန့် တိမ်တိုက် မှိုင်းမှုန်ဝါးလို့ ၊ လျှပ်ပန်းခက်တို့ လက်လက် ထချိန်
ဝသန်မိုးက ဖြိုးမာန်ဖွဲ့လို့ သည်းမည်လို့ဟန်ပြင်၊ ဒီတခွင်ကို ငေးကာမျှော်ကြည့်

ရင်တွင်းရှိသည့် မေးခွန်းက ဒီအလှနှင့် မြင်ကွင်း ဘယ်သူ ဖန်ဆင်းထားတာလဲ ။
လင်းနုရောင်ခြည်ထက် ကောင်းကင် အရှေ့ဆီက ၊
ဖြာဖြာကျဆင်း လေပြည်ညှင်းနှင့်အတူ၊ အေးစက်ကင်းဝေး ဖြည်းဖြည်းချင်းနွေးကာ
လန်းဆန်းကြည်နူး ရောင်နီဦးနှင့် ရှင်းလင်းသန့်ရှင်း နံနက်ခင်းအလှဆီသို့
မျှော်ကာကြည့်မိ ၊ ဒီအလှနှင့်မြင်ကွင်း ဘယ်သူ ဖန်ဆင်းထားတာလဲ။
ကြွကြွလေးလှမ်း ဖြည်းဖြည်းချင်းလာ ကုန်ဆုံးရောင်ခြည်နှင့်အပြိုင်
လှလွန်းသူမို့ ဘယ်သူဘယ်ဝါ မသိရပါ လား။ အာရုံပေါ်လာ မှတ်မိပါ၏
ထိုသူလေးအား အများသူကာ ခေါ်တွင်ပါ၏ ရုပ်ဆိုးမလေး မရွှေအိ ။
ပုဇွန်ရောင်ဆီ တိမ်တောင်ညီနှင့် ဝဲကာပျံသွား ဇင်ယော်များနှင့်
ဟိုကောင်း ကင် အနောက်ဆီမှ ရှင်နေမင်းလဲ ငုတ်လျှိုးဟန်ပြင်
ဒီအလှနှင့် မြင်ကွင်း ဘယ်သူ ဖန်ဆင်း ထားတာလဲ ။
ကျမ်းစာ စကား ဘုရား၏ နှုတ်မြွက်ကြားဘိ၊ ဤမြေ၊ ဤရေ၊
ဤကမ္ဘာမြေတွင် ရှိရှိသမျှ ဘုရား၏ လက်ရာတော်တည်း။ ။

---

**လွဲချော်မှု KT (သံဖြူဇရပ်)**

လောကမှာ ဘယ်အရာတွေကများ အထားအသို မှားခဲ့ကြသလဲ၊
အသိဉာဏ်တွေ ကင်းမဲ့ခဲ့လို့ မဟုတ်ဘဲ
ပညာ တခမ်းတနားနဲ့ အမှန်တရားတွေကို ရွှေ့ပစ်ကြတယ်။
အတ္တတွေကို ပိုက်ထွေးရင်း မေတ္တာတရားအကြောင်းတွေ ပြောနေကြရင်းနဲ့ဘဲ
ငါ့ရဲ့ ခြေထောက်အစုံကို ရိုက်ချိုး ပစ်လိုက်ကြပြီ ။

---

**ညမွှေးပန်း နန်းရထိုက် (ကနခ)**

လောက အလှ ပန်းရောင်စုံတွေကြားက ၊ ကျွန်မက ညမွှေးပန်းလေးပါ
ခူးသူ မရှိလို့ ပန်သူမဲ့ ခဲ့ရ ၊ နမ်းသူ မရှိလို့ ဉာပွင့် ခက်ရ ။
အမှောင်မှာ ကျင်လည်ရ ၊ ညခေါင်းယံမှ နွေလမင်းက သာ
အကြင်နာ လေညှင်းရဲ့ ကရုဏာကြောင့် ၊ ရနံ့လေးကို သယ်ဆောင်သွား။
ငွေရောင် လမင်းရဲ့ အလင်းနဲ့ ညမွှေးပန်းရဲ့ ရနံ့ကြောင့်
လူတစ်ကာပြုံးပျော် ကြည်နူး မှေးစက်နေချိန်မှာ
ညမွှေးပန်းရဲ့ ရင်ထဲမှာ မျက်ရည်တွေနဲ့သာ ။

---

**"ညီမျှခြင်း" (မင်းထွန်းသက်လွင် )**

လမ်းမ ထက်မှာ ပုဆိုး မနိုင် ၊ သိုင်းပြောင်းပြန်နင်း ဆဲရေးခြင်းနှင့်
လူတကာ အော့နှလုံး နာအောင် နာမည်ဆိုးကာ ရမ်းကားလာသူ
အဲဒီလို အရက်သမားမှ အပြစ်သားတဲ့လား။
ဘုရားကျောင်း မှန်မှန်တက် ၊ အလှူငွေတွေ သွန်ထည့်ပြီး
နေ့ည မအား ၊ အမှုတော်မှာ တက်ကြွစွာ ပါဝင်လဲ
စိတ်နှလုံးယုတ်ညံ့ အတွင်းစိတ်ပုတ် အံ့ပုန်း အပြစ်သား
ဘုရားရှေ့မှာ အထက်က လူနှစ်ယောက်
အပြစ် ရှိတာချင်း အတူတူပါဘဲလား ။ ။

---

**သက်သေခံချက် (သဲမေဦး)**

ပထမဦးစွာ ဘုရားသခင်သည် ကောင်းမြတ်တော်မူသည်ဟုဝန်ခံပါ၏။ ဟာလေလုယာ။ ကျွန်မ အသက်တာမှာ ရေတွက် ချီးမွမ်း၍ မကုန်နိုင်သော ဘုရားသခင်ထံမှ ဆုကျေးဇူးမင်္ဂလာများကို ပြည့်စုံ ပိုလျှံစွာ ခံစားရပါသည်။ ငြိမ်သက်ခြင်း ဝမ်းမြောက်ခြင်းများကိုလဲ အစဉ် ထာဝရ ခံစားရပါသည်။ ကျွန်မ အတွက် လိုအပ်နေသော အရာများကို မတောင်းမီကပင် ဘုရားသခင်သည် ကျွန်မကို ချပေးနေပါသည်။ တောင်းလျှောက်လိုက်သော အရာများကိုလဲ လိုအပ်နေပါက ဘုရားသခင် အမှန်တကယ် ချပေးပါသည်။ ဘုရားသခင်ကို ကျွန်မ လိုအပ်၍ စကားပြောလိုက်ပါက ကျမ်းစာအားဖြင့်၄င်း၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့်၄င်း အိပ်မက်ရူပါရုံအားဖြင့်၄င်း စကားပြန်ပြောပါသည်။ လမ်းမှားသို့ ရောက်သောအခါ ကျမ်းစာအားဖြင့် လမ်းမှန်သို့ ပြန်ပို့ပေးပါသည်။ ကျွန်မ

ဘယ်တုံးကမှ ဆင်းရဲ ဒုက္ခ မရောက်ခဲ့ပါ။ ဘာ့ကြောင့်လဲဆိုတော့ ဘုရားသခင်က ကျွန်မကို ငြိမ်သက်ဝမ်းမြောက်ခြင်း၊ ရောင့်ရဲခြင်း၊ တင်းတိမ်ခြင်း၊ ချစ်ခြင်း၊ နှိမ့်ချနိုင်ခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းတို့ကို အမြဲပေးခဲ့သောကြောင့် ဖြစ်ပါသည်။ ဘုရားသခင်က ကျွန်မကို အချစ်ဆုံးဟု ခံစားရသောကြောင့် ကျွန်မသည်လည်း ဘုရားသခင်ကို သိပ်ချစ်ပါသည်။ ဘုရားသခင်နှင့် ဝေးကွာသွားအောင် မည်သည့် အရာကမှ ကျွန်မကို မစွမ်းဆောင်နိုင်ဟု ကျွန်မ ယုံကြည်ပါသည်။ ကျွန်မကို မည်သည့် နတ်ဆိုးကမှ မနှောက်ယှက်နိုင်ပါ။ ကျွန်မကို သခင်ယေရှု ဘုရားသခင်က ပိုင်ဆိုင်သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်သည် ကျွန်မတို့၏ အဖ ဘုရားသခင် ထာဝရဘုရားဖြစ်ပါသည်။ ॥ **သဲမေဦး**

---

## ကျေးဇူးတော်ချီးမွမ်းပါ (ဒီဖို)

ကျွန်မ ဒီစင်္ကာပူကို ရောက်တာ ၃နှစ်ခွဲ ရှိပါပြီ။ ဘုရားကျောင်းမှာ အရမ်းကို သက်သေခံချင်ပါတယ်။ ဒါပေမယ့် ကျွန်မရဲ့ ကြောက်စိတ်တွေက လွှမ်းမိုးနေလို့ အကြိမ်ကြိမ် အချိန်တွေ ရွှေ့ခဲ့ပြီး နောက်ဆုံး ဒီသခင့်စကား စာစောင်မှာ ပထမဆုံး အနေနဲ့ သက်သေခံ ရေးသားခြင်းဖြစ်ပါတယ်။ သခင့်စကား ထုတ်ဝေ စီစဉ်သူကို အရမ်းကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ သခင့်စကား စာစောင်ဟာ ကျွန်မကို ခွန်အားရစေသလို ဘုရားနဲ့ နီးကပ် စေလို့ပါပဲ။ ဘုရားရဲ့ ကျေးဇူးတော်ကြောင့် စင်ကာပူမှာ စိတ်ကောင်းရှိတဲ့ အလုပ်ရှင်နဲ့ ဆုံတွေ့ပြီး လုံခြုံ ပျော်ရွှင်စွာ အလုပ်လုပ်ခွင့် ရခဲ့ပါတယ်။ ကျွန်မရဲ့ Mum က ကျွန်မကို တစ်ပတ်ခြား ဘုရားကျောင်းတက်ခွင့် ပေးပါတယ်။ ပြီးတော့ မနက် ၉ နာရီဆို စထွက်လို့ ရပါပြီ။ ဘုရားကျောင်းသွားတိုင်း ကျွန်မကို သူ့ရဲ့ E-Z link card နဲ့ $10 ပေးပါတယ်။ ပြီးတော့ ကျွန်မသုံးဖို့ Hand phone ပေးပြီး၊ လတိုင်းမှန်မှန် Phone card ဝယ်ထည့် ပေးပါတယ်။ ဘုရားကျေးဇူးကြောင့် ဒီလောက် ကောင်းတဲ့ အိမ်ရှင်နဲ့ တွေ့ရပေမယ့် ဘုရားကျေးဇူးတော်ကို ချီးမွမ်းသက်သေခံဖို့ မေ့နေခဲ့ပါတယ်။

ကျမ်းစာထဲက လူနူဆယ်ယောက်မှာ ကျေးဇူးမသိတတ်တဲ့ ကိုးယောက် သမားနဲ့ ကျွန်မဟာ အတူတူပါပဲ။ ဘုရားကျောင်းသွားတိုင်း ဆရာဟောတဲ့ တရားတွေကို နား မလည်ပါဘူး။ နားမလည်တာထက် ဂရုမစိုက်၊ နားမထောင်တာက များပါတယ်။ ဒီလိုပဲ ပေါ့ပေါ့ဆဆနဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်တွေကို မချီးမွမ်း မရေတွက်ပဲ နေလာခဲ့ပါတယ်။ ကျွန်ရဲ့ အစ်မက ကျွန်မကို သတိပေးတယ်။ နင်ဒီလောက် ကျေးဇူးတော် ခံစားရတာ ပြန်ပြီး ချီးမွမ်းရမယ်နော်။ မဟုတ်ရင် ခံစားရတဲ့ ကောင်းကြီးတွေ ဘုရားသခင် ပြန်ရုပ်သိမ်းလိမ့်မယ်တဲ့။ အရင်က ဒီအလုပ်ရှင် မတိုင်ခင် ကျွန်မ လပေါင်း(၂၀) တိတိ ဘုရားကျောင်းတက်ခွင့် မရခဲ့ဘူး။ အဲဒီတုန်းက အမြဲ ကျမ်းစာဖတ် ဆုတောင်းခဲ့တယ်။ ဘုရားကျောင်း တက်ခွင့်ရပြီးနောက်ပိုင်း ကျမ်းစာဖတ် ဆုတောင်းဖို့ မေ့လာခဲ့တယ်။ အစ်မက ကျမ်းစာဖတ်ဖို့ သတိပေးရင် မအားလို့ ဘာညာနဲ့ ဆင်ခြေတွေပေးခဲ့တယ်။

လူတွေရဲ့ သဘာဝအရ ကိုယ့်ဘက်က ကူညီမှုတွေ ပေးပြီးရင် သူ့ဆီက အနည်း ဆုံးတော့ "ကျေးဇူးတင်ပါတယ်" ဆိုတဲ့ စကားကိုတော့ လိုချင်ကြတာပဲ။ ဘုရား သခင်လည်း သူ့သားသမီး တွေကို ကောင်းကြီးပေးပြီး သူ့ကိုပြန်ပြီး ချီးမွမ်း စေချင်ပါတယ်။ ဒါပေမယ့် ကျွန်မက ကျေးဇူးကန်းတဲ့ သူတစ်ယောက်ပါ။ သိပ်မကြာ ပါဘူး အရင်က တစ်ပတ်ခြား ဘုရားကျောင်းတက်ခွင့်ကို ၄-၅ လ အထိရပြီး နောက်ပိုင်း ကျေးဇူးတော် လျော့ ချခြင်း ခံရပါတယ်။ နှစ်ပတ်ခြားမှ တစ်ခါသာ ဘုရားကျောင်းတက်ခွင့်ရပါတော့ တယ်။ အဲဒီအချိန်ထိ ကျွန်မ စိတ်ထဲမှာ ဘယ်လိုမှ မနေခဲ့ပါဘူး။ အစ်မက ကျွန်မကို "အဲဒါ နင့်ကို ဘုရား ဒဏ် ခတ်တာ" တဲ့။ သူ အဲဒီလိုပြောလိုက်တော့ စိတ်ထဲမှာ တကယ်ပဲ သူပြောသလို ဖြစ်နေ ပြီလားလို့ တွေးမိတယ်။ အရင်က ဘုရားကျောင်းကို ၉နာရီ စသွားရတာ ကနေ အကြောင်းအမျိုးမျိုးကြောင့် အခုဆိုရင် နေ့လည် ၁နာရီမှသာ ထွက်ပြီး CE ကိုသာ တက်ခွင့်ရခဲ့ပါတော့ တယ်။ အရင်က မနက်ပိုင်းအစီအစဉ် ဆရာ့ တရားတွေကို ဂရုစိုက် နားမထောင် ခဲ့လို့ အခု နားထောင်ချင်တာတောင် မကြား ရတော့ပါဘူး။ ကျွန်မ အရမ်းကို နောင်တရ ဝမ်းနည်းမိပါတယ်။ ကျွန်မရဲ့ အပြစ်တွေကို ဘုရားရှေ့၊ လူရှေ့မှာ ပြောပြမိပါတယ်။ ဝန်ချမိပါတယ်။ ဒါကြောင့် စင်ကာပူ မှာလာပြီး အလုပ် လုပ်ကိုင်ကြတဲ့ ဘုရား သားသမီး အယောက်စီတိုင်း ကျွန်မကို နမူနာ အတုယူပြီး ခံစားရတဲ့ ကောင်းကြီးတွေကို ပြန်လည်ပြီး ရေတွက်ပါ၊ ချီးမွမ်းပါ၊ ဘယ်တော့မှ ကျေးဇူးတော်ကို မမေ့ပါနဲ့။ မရေတွက် မချီးမွမ်းခဲ့ရင် ဘုရားဟာ သွန်းလောင်းနေတဲ့ ကောင်းကြီးတွေ ပြန်လည် ရုပ်သိမ်းသွားမှာ အမှန်ပါ။ ဒါပေ မယ့် အခု ကျွန်မ အပြစ်တွေကို ဆုတောင်းဝန်ချပြီး ဘုရားကျောင်း တက်ခွင့် အပြည့် ပြန်လည် ရစေဖို့ ဆုတောင်းနေဆဲပါ။ ကျွန်မ ယုံကြည်တယ်၊ မကြာခင် ပြန်ရလိမ့်မယ်လို့။ ॥ **(ဒီဖို)** CHERRY

---

## သက်သေခံချက် အေးအေးတင့်

*ရုပ်တုဆင်းတုကို ကိုယ်အဖို့ မလုပ်နှင့်။ ဦးမချ ဝတ်မပြုနှင့်။ အကြောင်းမူကား၊ သင်၏ဘုရားသခင် ငါ ထာဝရဘုရားသည် သဝန်တိုအပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား။ – – –ဘုရားဖြစ်၏။ (ထွက် ၂၀း၅၊၆)*

ကျွန်မ မြန်မာပြည်မှာရှိစဉ်က ပညတ်တော်ထဲမှာ ပါသော ရုပ်တုဆင်းတု ဆိုတာ စေတီပုထိုး၊ ရုပ်တုတွေကိုပဲ ရည်ညွှန်းတယ်လို့ သိခဲ့ ထင်ခဲ့ပါတယ်။ စင်္ကာပူရောက်ပြီး (၁)နှစ်ခွဲလောက်ရှိမှ ကျွန်မတို့ရဲ့ လူမျိုးစွဲ၊ ဂိုဏ်းဂဏ ဝါဒ အစွဲ၊ လောကအရာတွေ တပ်မက်စွဲလန်းခြင်းနှင့်၊ ဘုရားရှင်ထက် ပိုပြီး ဦးစားပေး၊ အလေးထား နေသော အရာတိုင်းဟာ ရုပ်တုကို ကိုးကွယ်နေခြင်းပဲဆိုတာ ဆရာ့ရဲ့ တရားဒေသနာကြောင့် သိရှိခဲ့ရပါတယ်။ ကျွန်မဟာ "စင်" ကြောက်တတ်တယ်။ ဒါပေမယ့် လူမျိုးကို ချစ်တဲ့ အစွဲကြောင့် မြန်မာပြည်တွင် မွန်အမျိုးသားနေ့ ရောက်တိုင်း အမျိုးသားရေးသီချင်းတွေကို "စင်" ပေါ်တက်ဆိုရဲခဲ့ပါတယ်။ စင်္ကာပူ ရောက်လာတော့လည်း တိုပါးရိုး ဘုန်းကြီးကျောင်းမှာ ကျင်းပမှာမို့ သံစဉ်တွေ ရှာပြီး အမျိုးသားရေးစိတ်ဓါတ် မြှင့်တင်ပေးနိုင်မယ့် စာသားတွေရှာဖွေပြီး မွန်အမျိုးသားရေး သီချင်းတွေရေးစပ်ခဲ့ပါတယ်။ မွန်အမျိုးသားနေ့ ရောက်တော့ သူငယ်ချင်းနဲ့ ကားမှတ်တိုင်မှာ ချိန်းပြီး ဘုန်းကြီးကျောင်းကို သွားကြပါတယ်။ ကား မှတ်တိုင်ရောက်တော့ ကျွန်မ ဗိုက်နည်းနည်း စနာလာပါတယ်။ ခဏနေ သက်သာ သွားမယ်လို့ထင်ပြီး ကားဆက်စီးတယ်။ Ang Mo Kio ရောက်တော့ MRT ပြောင်းစီးဖို့အဆင်းမှာ (၆)လှမ်းလောက်လှမ်းပြီး ဗိုက်က တိုးနာလာပြီး faint ရသွားတယ်။ ပြန်နိုးလာတော့ ပြန်လျှောက်ကြည့်တယ်။ နှစ်လှမ်း သုံးလှမ်း လျှောက်ပြီး မျက်စိ ပြာလာပြန်တယ်။ သုံးခါ လျှောက်ကြည့်တယ် တကိုယ်လုံး အေးစက်ပြီး ချွေးတွေ ပျံလာတယ်။ မျက်နှာလဲ ဖျော့လာပြီး နှုတ်ခမ်းပါ ပြာနှမ်း လာတော့ သူငယ်ချင်းက ကျွန်မကို ခေါ်နိုးတယ်။ Taxi အမြန်ငှားပြီး Homeကို ပြန်ပို့တယ်။ Home ရောက်တော့ အိမ်သာတက်ပြီး သက်သာ လာတယ်။ နောက် (၁)နာရီ လောက် လုံးဝ နေကောင်း သွားတယ်။ ကျွန်မ fainting ရပြီး ပြန်သတိရ လာလာချင်း ကျွန်မအမှားကို သိလိုက်ရပါတယ်။ ဘုရားရှင်က ကျွန်မကို ချက်ခြင်း ဖွင့်ပြပြီး သူ မကြိုက် မနှစ်သက်တဲ့ ရုပ်တုဆင်းတု ကိုးကွယ်နေတဲ့ ကျွန်မကို မရ ရတဲ့ နည်းနဲ့ မလုပ်မိဖို့ တားဆီးလိုက်ပါတယ်။

တကယ်ဆိုရင် ဗိုက်နည်းနည်းနာတာ fainting ရစရာ အကြောင်း မရှိဘူး။ Hypoglycemia ရ ရအောင်လည်း ကျွန်မက အစာစားပြီးမှ သွားတယ်။ Faint ရလောက်တဲ့ ရောဂါလည်း ကျွန်မမှာ မရှိဘူး။ ဒီအဖြစ်အပျက်ကိုကြည့်ခြင်း အားဖြင့် ဘုရားရှင်ဟာ ခေါ်းမာတဲ့ သူ့ရဲ့သားသမီးတွေကို နာကျင်အောင် လုပ်ပြီးမှ သူ့ဆီ မရ ရတဲ့နည်းနဲ့ ပြန်လာဖို့ဆွဲခေါ်ပါတယ်။ ကျွန်မတို့ကို ဘုရားရှင် နောက်တစ်လှမ်း ဆုတ်စေတာဟာ သူနဲ့သာ၍နီးဖို့ ရှေ့ကိုနှစ်လှမ်း လှမ်းရန် အားယူ ခိုင်းခြင်းပဲဖြစ်တယ်။

ကျွန်မရဲ့ အပြစ်ဟာ တော်တော်ကြီးလေးတယ်။ ငယ်စဉ်ကတည်းက စွဲလန်း လာခဲ့တဲ့ "ငါ့လူမျိုးမှ ငါ့လူမျိုး"ဆိုတဲ့ လူမျိုးရေးအစွဲ ရုပ်တုကြီးကို ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီ ကနေစပြီး ဘုရားရှင် ရိုက်ချိုးပေးလိုက်ပါတယ်။ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားရှင်ဟာ ဂရုဏာကို ပြသော ဘုရား၊ လမ်းမှားလျှောက်နေတဲ့ သူ့ရဲ့ သားသမီးတွေကို လမ်းမှန်ရောက်အောင် ဖွင့်ပြကာ နောင်တ ရပြီး သူ့ဆီ ပြန်လာတဲ့ သားသမီးတွေကို ဝမ်းမြောက်စွာ အမြဲ လက်ကမ်းကြိုနေ တဲ့အဖ ဖြစ်ပါတယ်။ သူလုပ်ပေးတဲ့ အရာတိုင်းဟာ ကျွန်မတို့ ကောင်းဖို့ပဲ ဖြစ်ပါတယ်။ ပြုမိတဲ့ အပြစ်ကို ဘုရားရှေ့မှာ ဝန်ချရင်း ရုပ်တုဆင်းတုကို မကိုးကွယ်မိဖို့ မိဘ၊ ညီအစ်ကို မောင်နှမ၊ အသေယာက်စီတိုင်းကို ကျွန်မရဲ့ သက်သေခံချက်ကို ဝေမျှ လိုက်ပါတယ်။ ဘုရားရှင်ဘုန်းကြီးပါစေ။ ॥ **အေးအေးတင့်**

---

## အနှိုင်းမဲ့မွေးနေ့လက်ဆောင် EWG (cookie)

ရှေးဦးစွာ ဘုရားသခင်ကို ကျေးဇူးတင်ရှိပါတယ်။ ကျွန်မရဲ့ အသက်တာမှာ အဖဘုရားသခင် အမြဲပါရှိခဲ့ပါတယ်။ သက်သေခံစရာတွေ ကျွန်မရဲ့ အသက်တာမှာ အများကြီးရှိခဲ့ပါတယ်။ အားလုံးထဲမှာတစ်ခုကို ကျွန်မသက်သေခံ လိုပါတယ်။ အဖဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျွန်မ ဤစင်္ကာပူနိုင်ငံမှာ (domestic worker) အဖြစ် (၂)နှစ် တာဝန် ထမ်းဆောင်နိုင်ခဲ့ပါတယ်။ ပြီးတော့ မြန်မာပြည်ကို ပြန်ခဲ့ပါတယ်။ သင်တန်းတစ်ခု ပြန် တက်ပြီး ဤစင်္ကာပူသို့ visit နဲ့ပြန်ဝင်လာပြီး အလုပ်စတင်ရှာခဲ့ပါတယ်။ (၂)လကုန်လည်း အလုပ်ကမရခဲ့ပါဘူး။ ကျွန်မလည်း မြန်မာပြည်ကို အလုပ်မရဘဲ မပြန်ချင်တာတစ်ကြောင်းကြောင့်

မလေးရှားကို stay ရှောင်ခဲ့ပါတယ်။ ဤ stay ရှောင်ရာတွင်လည်း အဘက် ဘက်မှ ကျွန်မ ကိုကူညီခဲ့တဲ့ အဖသင်းအုပ်ဆရာ ဇနီးမောင်နှံကို အထူး ကျေးဇူးတင်ပါတယ်။ ဖဘုရားသခင်ဟာ သူတို့ဇနီးမောင်နှံရဲ့ စိတ်ကို ထိတွေ့မှု ကြောင့် ဖြစ်ပါတယ်။ ဒီလိုနဲ့ မလေးရှားက ပြန်ဝင်လာပြီး stay တစ်လထပ် ရလည်း အလုပ်က မရပြန်သေးပါဘူး။ ကျွန်မ ဒူးထောက် ဆုတောင်းခဲ့ပါတယ်။ အဖဘုရားသခင်ဟာ သားသမီးအယောက်စီတိုင်းကို မခံနိုင်တဲ့ စုံစမ်း နှောင့်ယှက် ခြင်းကို မပေးပါဘူး။ ကျွန်မ တစ်ခုပဲ တောင်းလိုက်တာကတော့ အလုပ်တစ်ခုတော့ အမြန်ဆုံး ပေးပါလို့။ မလေးရှားက ပြန်ဝင်လာတာ တစ်လ ကုန်သွားလည်း အလုပ်က မရသေးပါ။ နောက်ထပ် online နဲ့ ထပ်တိုးကြည့်တော့ ကျေးဇူးတော် ကြောင့် တစ်လ ထပ်ရပြန်တယ်။ အဲဒီတစ်လအတွင်း ကြိုးစားပြီး ရှာခဲ့ပါတယ်။ တစ်လ ပြည့်ဖို့ (၁၀)ရက်အလိုမှာ coffee shop တစ်ခုရဲ့ interview မှာ အဆင်ပြေခဲ့ ပါတယ်။ S'pass လျှောက်ပေးခဲ့ပါတယ်။ ဒါပေမယ့် reject ထိခဲ့ပါတယ်။ ကျွန်မ စဉ်းစား လိုက်တယ် အလုပ်မရဘဲ မပြန်ချင်ဘူး။ လူ့သဘော သဘာဝအရ ရှက်စရာကြီး ပေါ့နော်။ အလုပ်တစ်ခု အမြန်ပေးပါ အဖ ဘုရား သခင်လို့ ထပ်တောင်း နေပြန်တယ်။

အမှန်တော့ လူတွေရဲ့ ဝေဖန်မှုကို ကြောက်နေပြီး အဖ ဘုရားသခင်ကို အမိန့်ပေးသလိုဖြစ်နေတယ်။ အမှန်တော့ ကျွန်မကို ဝန်ခံ တတ်အောင် မြန်မာပြည်ကို ပြန်ပို့ခဲ့ပါတယ်။ အဖဘုရားသခင်ဟာ ဘယ်တော့မှ အဆိုးဝါးဆုံး အခြေအနေကို ကျွန်မတို့ကို မပို့ခဲ့ပါဘူး။ ဒုတိယအကြိမ် S'pass ထပ်တင်ပြီးမှ ကျွန်မ ပြန်ခဲ့ရခြင်းဖြစ်ပါတယ်။ မြန်မာပြည် ပြန်ရောက်တော့ အလုပ်တင်ပြီးမှ ပြန်လာတယ်လို့ ဖြေလို့ရအောင်ပေ့ါနော်။ အရာအားလုံးကို အဖဘုရားသခင် ပြင်ဆင်ပေးခဲ့ပါတယ်။ မြန်မာပြည် ပြန်ရောက်ပြီး မကြာမီမှာဘဲ နာဂစ်မုန်တိုင်း ကျခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ Singapore နဲ့အဆက်အသွယ် (၂)ပတ်လောက် ပြတ်ခဲ့ပါတယ်။ နောက်ပိုင်း phone အဆက်အသွယ်ရပြန်တော့ နင် S'pass အလုပ်မရ တော့ဘူး။ ပထမလုပ်တဲ့ အလုပ်နဲ့ဘဲ ပြန်လာခဲ့တော့တဲ့။ အဲဒီအချိန်မှာ ကျွန်မ လုံးဝ စိတ်ဓါတ်ကျခဲ့ပါတယ်။ ဖဘုရားသခင်ဟာ ငါ့ကို ဒုက္ခတွေ အသွယ်သွယ် ဖြတ်ကျော်နိုင်အောင် ကူညီမစပြီးမှ ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲလို့ အတွေးက ဝင်လာပါတယ်။ ကျွန်မ ငယ်ငယ် လေးကတည်း က အကျင့်တစ်ခု ရှိတယ်။ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့အလုပ်တစ်ခုကို ဘယ်တော့မှ ပြန်မလုပ်ချင် ဘူး။ ဒါပေမယ့် ဘုရားသခင်က ကျွန်မ ကိုသွန်သင် နေတယ်။ ဝန်ခံတတ်ဖို့ လိုအပ် နေတယ်လို့ ဆရာတစ်ယောက်ရဲ့ bible study မှာလည်း ဟောပြောခဲ့တယ်။ "အလိုတော်"နဲ့ "အခွင့်တော်"တဲ့။ အဲဒီအခါကျမှ ကျွန်မ ပြန်စဉ်းစားတယ်။ ငါ "အခွင့်တော်"တွေနဲ့ဘဲ လိုက်လုပ်နေပါလားလို့။ မြန်မာပြည် မပြန်ချင်ဘူး။ လမ်းတွေ တစ်ခုပြီးတစ်ခု ဖွင့်ပေးနေပြီးမှ ဘာကြောင့် မြန်မာပြည်ကို ပြန်လွှတ် ရတာလဲလို့ စောဒက တက်လိုက်သေးတယ်။ phone အဆက်အသွယ်ရပြီး မကြာ မီမှာဘဲ ကျွန်မ အလိုတော်ကို ဝန်ခံလိုက်ပါတယ်။ ကျွန်မ domestic worker အနေနဲ့ပဲ ပြန်လာတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်မ အိမ်ရှင်ဟောင်းနဲ့ အားလုံး ဆက်သွယ် စီစဉ်ပြီးသွားပါပြီ။ ဒါပေမယ့် agent phone ဝင်လာတယ်။ ကျွန်မ S'pass ကျပြီတဲ့။ ပျော်လည်းပျော်တယ်။ ယုံရမှာလည်း ခပ်လန့်လန့် ဖြစ်နေတယ်။ ဒါဆိုရင် ငါ့ကိုလိုအပ်တဲ့ စာရွက်စာတမ်းတွေ ပို့ပေးလို့ ပြောလိုက် တယ်။ အဲဒါနဲ့ တစ်ပါတ် အကြာမှာ အားလုံးပို့ပေးလိုက်တယ်။ အဲဒီနောက် အိမ်ရှင်ဟောင်းကို email နဲ့ အကျိုးအ ကြောင်း အားလုံးပြောပြလိုက်တယ်။ သူက လည်း ပြန်ပြော တယ် ဘုရားသခင် အနေနဲ့ သင့်တော်တဲ့ အလုပ်ကို ပထမဆုံး ပေးတာပေ့ါတဲ့။ နင်လာမယ့်ရက် ကိုပြော ငါလာကြိုမယ်။ ငါ့အိမ်မှာဘဲ လာနေတဲ့။ ဘာဖြစ်လို့လဲ ဆိုရင် ကျွန်မ အလုပ်ရှာတုန်းက အလုပ်ရရင် သူ့အိမ်မှာနေဖို့ ခွင့်တောင်းလို့လေ။ ဒီလိုနဲ့ပဲ စင်္ကာပူကို ပြန်ရောက်လာခဲ့တယ်။ လေယာဉ်ကွင်းမှာ အိမ်ရှင်ဟောင်း ဇနီး မောင်နှံ လာကြိုတယ်။ စနေနေ့ (၃၀.၈.၀၈) ညရောက် တယ်။ Sunday ဘုရား ကျောင်း သွားတယ်။ Monday မှာဆေးစစ်တယ်။ Tuesday မှာအလုပ် စဆင်း တယ်။ ဒါတွေအားလုံးဟာ ဘုရား သခင်ရဲ့ ကျေးဇူးတော်တွေ အားလုံးပါဘဲ။ ကျွန်မ ဆိုလိုချင်တာကတော့ ဘုရားသခင်ဆီမှာ တောင်းတဲ့အခါ အချိန် မရောက် သေးခင် မပေးဘူး။ မခံနိုင်တဲ့ စုံစမ်းနှောင့်ယှက်ခြင်းကို မပေးဘူး။ အလိုတော်ကို ဝန်ခံတတ်ရမယ်။ ကျေးဇူးတော် ချီးမွမ်းရမယ်။ နောက်ဆုံးအနေနဲ့ ကျွန်မ အခက်အခဲ အားလုံးကို ဖြတ်ကျော်နိုင်ဖို့ ခွန်အားပေးခဲ့တဲ့ နှုတ်ကပတ်တော် အားဖြင့် စာဖတ်သူ အားလုံးလည်း ခွန်အား ရရှိစေတော်မူပါ။ ဆာ ၁၃၆း၁၁၊ ဧ ၅း၂၀၊ ၁ကော ၁၀း၁၃ ၊ ဆာ ၁၀၂း၁-၂ ။ ခရစ်တော်နာမဖြင့် – EWG (cookie)

---

## No,Never Alone (စွန့်ပစ်၍မထား) နီလာမင်း (ရန်ကုန်မြို့)

ရှေးဦးစွာသခင်ယေရှုရဲ့ နာမတော်မြတ်၌ ကျေးဇူးတော်ချီးမွမ်း၍ သက်သေခံချင်ပါတယ်။ မေလ (၂)ရက်နေ့ ၂၀၀၈ခုနှစ်မှာ မမျှော်လင့်ထားသော Nargis လေပြင်းမုန်တိုင်းကြီး ကျရောက်ခဲ့ပါတယ်။ လူများ၊ တိရိစ္ဆာန်များ၊ အ ဆောက် အအုံများ သေကျေပျက်စီးပြီး၊ ဒုက္ခများစွာရောက်ခဲ့ကြရပါတယ်။ ဒီလို ကိုယ်စီကိုယ်စီ ဒုက္ခရောက်တဲ့ အကြောင်းကို ကျွန်မ သက်သေခံချင်ပါတယ်။
ကျွန်မတို့ ရန်ကုန်မြို့မှာ ညဘက်(၁၀)နာရီကျော်အချိန်လောက်တွင် လေမုန်တိုင်းကြီး စတင်ဝင်ရောက်လာပြီး အန္တရာယ်အမျိုးမျိုး ပေးနေပါ တော့တယ်။ လေပြင်းကြီးတွေ အဘက်ဘက်ကနေ တအားဖော့ယမ်းတိုက်ခတ်နေပါတယ်။ မိုး သည်းထန်စွာ ရွာနေတယ်။ လျှပ်စစ်မီးလည်းမရှိ၊ အမှောင်ထုကြီး လွှမ်းမိုးနေချိန် ဖြစ်ပါတယ်။ ညသန်းခေါင်ယံ အချိန် ရောက်လာလေ၊ လေတိုက်နှုန်းက ပိုပြင်းထန် လာပါတယ်။ မိုးလည်း အဆက်မပြတ် ပိုသည်းလာတယ်။ လေအသံတွေပို ကျယ်လာပြီး ကြားနေရပါတယ်။ နောက်တစ်မနက် မိုးလင်းတဲ့အထိ မငြိမ်သက် သေးပါဘူး။ တကယ့်ကို ကြောက်စရာကောင်းပါတယ်။ တခါမှလည်း မကြုံဖူးပါဘူး၊
ကျွန်မ ကသုံးထပ်တိုက်အမြင့်မှာ တစ်ယောက်တည်းနေပါတယ်။ အနားမှာ အဖော် တစ်ယောက်မှမရှိပါ။ ကျွန်မ ကြောက်စိတ်၊ ပူပန်စိတ်တွေနဲ့ ကြုံတွေ့နေရပြီး အိမ်ရှေ့လမ်းဘေးက သစ်ပင်ကြီးတွေဟာ ကျွန်မ တိုက်အိမ်ထက် မြင့်ပြီး၊ အကိုင်း အခက်ကြီးတွေဟာ လေပြင်းမုန်တိုင်း အရှိန်ကြောင့် ကျွန်မ အိမ်ပြူတင်း မှန် တခါးပေါက်တွေကို အရှိန်ပြင်းစွာနဲ့ လာရိုက်လိုက်၊ လမ်းဘက်ကို ယိမ်းထိုးလိုက်၊ အိမ်ကိုပြင်းစွာ ပြန်ဆောင့်လိုက်၊ ပြန်ခွာလိုက် ဖြစ်နေပါတယ်။ အို ... ဘယ်လိုမှ ကျွန်မ မလုပ်နိုင်ပါဘူး။ ဒီတစ်ခါမှာ ကျွန်မ ဆုတောင်း တယ်။ ဘုရားသခင် သမီးနဲ့ အတူရှိပါ။ သမီးကို ကာကွယ် စောင့်ရှောက်ပေးပါ။ သမီးအိမ် ဘာမှ မဖြစ်ပါစေနဲ့၊ အိမ်နဲ့ မလွတ်တဲ့ သစ်ကိုင်းကြီးတွေ ဖယ်ရှား ပေးပါလို့ ဆုတောင်း တယ်။ ဒီအချိန်မှာ မှန်ပြူတင်းပေါက်တွေကို လာထိ နေတဲ့ သစ်ကိုင်းကြီးတွေ တစ်ကိုင်းပြီး တစ်ကိုင်း လမ်းဘက်ကို ကျိုးကျသွားတယ်။ Praise the LORD thank you my JESUS လို့ရေရွတ်မိတယ်။

တစ်ဘက်ခြံမှာ ဒူးရင်းပင်ကြီး တစ်ပင်လည်း ကျွန်မအိမ် အမြင့်လောက် ရှိတယ်။ လေပြင်းတိုက်ခတ်မှုကြောင့် ကျွန်မတို့ အိမ်ဘက်ကို ယိမ်းယိုင် လာပြီး လဲကျ တော့မယ်။ ကျွန်မအိမ်နဲ့ မလွတ်နိုင်ပါ။ ကျွန်မ အိမ်ကို ကာကွယ်ပေးပါအဖ လို့ဆုတောင်းတယ်။ မကြာခင်အချိန်မှာ လေပြင်းကြီး ဟာ ကျွန်မ အိမ်နဲ့ ဆန့်ကျင်တဲ့ တစ်ဘက်ကို တိုက်ထုတ်လိုက်တယ်။ ဒူးရင်းပင်ကြီးဟာ ကျွန်မ အိမ်ဘက်ကို မကျဘဲ အခြားတဘက်ကို အသာ အယာလဲကျသွားတယ်။ တဘက်ခြံမှာလည်း ဘာမှ မထိခိုက် မပျက်စီးခဲ့ပါ။ ကျေးဇူးတင်ပါတယ် အဖ။ အပင်ကြီးတွေ အမြစ် ကနေ ကျွတ်ထွက်ပြီး ပြိုလဲကျကုန်တယ်။ လမ်းဘေးမှာရပ်ထားတဲ့ ကားမှန်တွေ ကွဲကြတယ်။ အိမ်ပေါင်းစုံကသွပ်ပြားချပ်ကြီးတွေ လွင့် ထွက်ကုန်တယ်။ အိမ်ပြူတင်းမှန်တွေ ကွဲကြတယ်။ အိမ်မိုး မလုံဘဲ မိုးရွာကြီးထဲ နေရတယ်။ အပျက်အစီးပေါင်းများစွာ တမြို့လုံးခံစားကြရတယ်။ နောက်တနေ့ မွန်းလွဲချိန်လောက်မှာ မုန်တိုင်း ရပ်စဲသွားတယ်။ ကျွန်မ အိမ် ပြူတင်းပေါက် မှန်တစ်ချပ်မှ မကွဲပါ။ အိမ်ခေါင်မိုး သွပ်ပြား တစ်ချပ်မှ လွင့် မထွက်ပါ။ အိမ် အပျက်အစီး မရှိပါ။ အဖဘုရားသခင်ရဲ့ လက်တော်မိုးအောက်မှာ ဘေးကင်း လုံခြုံစွာ နေရပါတယ်။ ငါသည်သင့်ကို "စွန့်ပစ်၍မထား"ဟု သခင်ယေရှု ပြောပါတယ်။ ယနေ့ ကျွန်မတို့ ကိုးကွယ်သော သခင်ယေရှုသည် တန်ခိုးကြီးသော ဘုရား၊ မေတ္တာတော်ရှင်၊ အရာခပ်သိမ်းကို တတ်စွမ်းနိုင်သော ဘုရားရှင် ဖြစ်ပါတယ်။ သခင်ယေရှုနှင့်အတူ ဘဝ အသက်တာကို ယုံကြည် ကိုးစား ၍ လျှောက်လှမ်းကြပါစို့။ ၂သက် ၃း၃ ။ ။

---

## အချစ်ဆိုတာကိုးကွယ်ရာ မာရာနသာနီနီခိုင်

ဒီနှစ် Valentine's day ကို အမှတ်ထားမိ သူများအတွက် အချစ်ဆိုတာ ဘယ်က လာသလဲ အချစ်ရဲ့အရင်းအမြစ်ကို သိဖို့လိုပြီး အဲဒီအချစ်ကို စတင် ခဲ့သော ဘုရားက ဘယ်လောက်အထိ ကြီးမြတ်သလဲဆိုတာကို ရေးပြ ချင်ပါတယ်။ ဘုရားက အစဦး၌ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းပြီး ရေများကို လက်ဆွန်းဖြင့်ခြင်သောသူ၊ မိုးကောင်းကင်ကို မိမိလက်ဖြင့်ထွာသောသူ၊ မြေမှုန့်ကို တင်းတောင်းဖြင့် ခြင်တွယ်သောသူ၊ တောင်ကြီးကို ချိန်ခွင်ဖြင့် လည်းကောင်း၊ တောင်ငယ်ကို ကပ်ပယ်ဖြင့် လည်းကောင်း ချိန်သောသူဖြစ်ပါတယ်။ ဟေ–၄၀း၁၂ ကောင်းကင်ဆိုတာ ဘုရားသခင်၏ ပလ္လင်တော်ဖြစ်ပြီး၊ မြေကြီးဆိုတာ ဘုရားသခင်၏ ခြေတော် တင်ရာခုံ ဖြစ်ပါတယ်။ မ– ၅း၃၄–၃၅၊ ဟေ– ၆၆း၁။

အချစ် ဆိုတာကို ကိုးကွယ်ရာလို့ ထင်တတ်သော ဓမ္မမိတ်ဆွေများအတွက် စစ်မှန်သောအချစ်နဲ့ စစ်မှန်သောကိုးကွယ်ရာကို သိဖို့ရန်အတွက် အလွန်မှပင် အရေးကြီးပါတယ်။ အချစ်ဆိုတာကိုးကွယ်မှု၊ စတင်ခဲ့တဲ့သူဟာလည်း ဘုရားသခင်ပဲ ဖြစ်ပါတယ်။ ဒါကိုမသိတော့ ဒီကနေ့လူသားတွေ အချစ် အတွက်ကြောင့် ဒုက္ခလှလှ သောကပင်လယ် မျောနေရခြင်းပဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်က ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏ဟု ဆိုထားတယ်။ ဒါကြောင့် ဘုရားသခင်က လူအာဒံကို ဘာဖြစ်လို့ မိမိရဲ့လက်နှင့် သေချာ စွာလုပ်၍ ဖန်ဆင်းခဲ့ ရသလဲဆိုရင် ဘုရားသခင်ဟာ သူဖန်ဆင်းထားတဲ့ လူသား(အာဒံ)နှင့် အပြန်အလှန် ချစ်၍ ဝတ်ပြုကိုးကွယ်ရန်အတွက် ဖန်ဆင်းခဲ့ခြင်း ဖြစ်ပါတယ်။ ဘုရားသခင်နဲ့ လူသား(အာဒံ)တို့ဟာ တစ်ဦးနှင့်တစ်ဦးချစ်၍ ကိုးကွယ်ရာ အချစ်ဆိုတာပေါ်ပေါက်လာပြီး အင်မတန်မှ သာယာငြိမ်းသော အချိန်အခါ သမယ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းများကို လူသားနှင့် ဘုရားသခင်တို့ ပိုင်ဆိုင်ခဲ့ရပါတယ်။ ဒီလို လူသားနှင့် ဘုရားသခင် အပြန်အလှန် ပျော်ရွှင်နေခြင်းကို မြင်တွေ့ပြီး စာတန်ဟာ သူသာလျှင် လူသားတို့ရဲ့ ကိုးကွယ်ခြင်းခံရရင် ကောင်းမှာပဲ ဆိုသောအတွေးနဲ့ သူကိုယ်တိုင် ဘုရားကိုအံတုလို့ မပြီးသေးပဲ လူသားကို သွေးဆောင်ဖြားယောင်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် ကမ္ဘာဦးအစမှာပင် လူသားနဲ့ဘုရားရဲ့ ကိုးကွယ်မှု ပျက်သုဉ်းခဲ့ရပြီး ဘုရားသခင်ဘက်မှ ချစ်လွန်း၍ အချစ်ဆိုတာ ကိုးကွယ်ရာ ဆိုတာကို သခင်ယေရှုအားဖြင့် ပြန်လည် စတင်ခဲ့ရပြန်ပါတယ်။ သခင်ယေရှုဟာ လူသား ၁၀၀% ဘုရား ၁၀၀% ဖြစ်ပါတယ်။ လူသားဖြစ်တဲ့ သခင်ယေရှုကို ဇာတိ (လောက)ရဲ့ တပ်မက်မှုများနဲ့ သွေးဆောင်ပါတယ်။ *လု ၄း၇ ငါ့ကိုကိုးကွယ်လျှင် ဤအလုံးစုံတို့သည်ကိုယ်တော်၏ ဥစ္စာဖြစ်လိမ့်မည်ဟု လျှောက်လေ၏။ သခင်ယေရှု ကလည်း ဘုရားသခင် ထာဝရဘုရားကိုသာ ကိုးကွယ်ရမည်၊ ထိုဘုရားကိုသာ ဝတ်ပြုရမည်။* လို့ဆိုခဲ့ပါတယ်။ ပထမတစ်ကြိမ်မှာ ဖန်ဆင်းပြီး ပျော်ရွှင် ခဲ့ရပြီး ဒုတိယတစ်ကြိမ်မှာ ကားတိုင်မှာ အသက်ပေး၊ အသွေးပေး၍ နှစ်ကျော့ပြန် အဖိုးအခ အဖြစ်ပေး၍ ရွေးဝယ်ခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မတို့ ဘုရားသခင်နှင့် ပြန်လည် သင့်မြတ်ခွင့်ရ၍ တစ်ဦးနှင့်တစ်ဦး လွတ်လပ်စွာ ချစ်ခွင့်နှင့် အတူ အဆီးအတားမရှိ ကြိုက်သလို ကြိုက်တဲ့အချိန်မှာ ဘုရားနှင့်ကိုးကွယ် ဝတ်ပြု ရခြင်းဖြစ်ပါတယ်။

၁ယော ၄း၇ ယုံကြည်သူတွေကို အချင်းချင်းချစ်တတ်ကြအောင်နှင့် ချစ်ခြင်း မေတ္တာသည် ဘုရားသခင်နှင့်သာသက်ဆိုင်ပြီး ချစ်တတ်ခြင်းဟာလည်း ဘုရားသခင် ဖြစ်ဘွားစေသောလူသာဖြစ်ပြီး။ ချစ်တတ်မှလည်း ဘုရားသခင်ကို သိသောသူဖြစ်ပြီး၊ မချစ်တတ်သောသူဟာ ဖန်ဆင်းရှင်ဘုရားသခင်ကို မသိ ပါဘူး။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ ဘုရားရဲ့မေတ္တာကို အခြေခံမှသာ လူသားတွေရဲ့ မေတ္တာဟာ ရေရှည်တည်တံ့မှာ ဖြစ်ပြီး ဘုရားရဲ့ မေတ္တာကို အခြေခံခြင်း မရှိရင် မကြာခင်မှာ ကွဲပြားခြင်းများ ရှိနိုင်ပါတယ်။ ဘုရားရဲ့ မေတ္တာကတော့ ၁ကော ၁၃ မှာပါတဲ့ မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြု တတ်၏။ မေတ္တာ သည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာန မရှိ၊ မလျောက် ပတ်စွာ မကျင့် တတ်၊ ကိုယ့်အကျိုးကို မရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ် ရှိသည်ဟု မထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်း မရှိတတ်၊ သစ္စာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်းသော အရာကို ယုံတတ်၏။ ခပ်သိမ်းသော အရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသော အရာကို သည်းခံတတ်၏။ ဘဲဖြစ်ပါတယ်။ ဘုရားသခင်က ကျွန်မတို့ လူသား အပေါ် ထားသော ချစ်ခြင်း မေတ္တာဖြစ်ပြီး မေတ္တာ မပါရင် ကျွန်မတို့ ဘယ်လောက်ပဲ ဘာသာ စကား မျိုးစုံ မကပဲ ကောင်းကင်နိုင်ငံမှာ သုံးသော စကားကို ပြောတတ် နေပေမယ့် စည်းချက် ဝါးချက် မညီပဲ အသံမည်တဲ့ တံပိုးခရာ တီးသလိုမျိုး ဖြစ်ပြီး ပရောဖက်ရဲ့ ဉာဏ်ပညာ၊ လောကပညာ၊ နှုတ်ကပတ်တော်ကို သိတဲ့ ပညာတွေ တတ်မြောက်ပြီး၊ သခင် ယေရှုကို ယုံကြည်ခြင်း၌ အားကြီး၍ တောင်ကြီး ကိုပင် ရွှေ့နိုင်ပါစေ မေတ္တာ မပါရင် အချည်းနှီး သက်သက်ပဲတဲ့။

အချစ်နှင့် ပတ်သက်လာရင် ဘုရားသခင်က လူသားရဲ့ချစ်ခြင်းကို ခံချင်၍ ဖန်ဆင်းထားတာ ဖြစ်သောကြောင့် ဘုရားကို နံပါတ်တစ် ဦးစားပေး ချစ်တတ်ပြီး ဘုရားရဲ့ချစ်ခြင်းကို အခြေခံ၍ ၁ကော ၁၄း၁ ချစ်ခြင်းမေတ္တာကို မှီအောင်လိုက်ကြလော့။ Valentine မှာ ဘုရားကို ဦးထိပ်ထားသော အသက်တာ ပိုင်ဆိုင်ကြပါစေ။ ॥ **မာရာနသာ နီနီခိုင်**

---

## သက်သေခံချက် တင်တင်ခိုင်

ဘုရားသခင်ရဲ့ သားသမီး အယောက်စီတိုင်းကို မင်္ဂလာပါ လို့ ယေရှုနာမဖြင့် နှုတ်ဆက်ပါတယ်။ ကျွန်မကို အခုလို သက်သေခံခွင့် ပေးသော ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မ သက်သေခံချင်တဲ့ အကြောင်းကတော့ ဘုရားရှင်ဟာ ကျွန်မအတွက် အံ့သြဖွယ်ရာနိမိတ် လက္ခဏာများနှင့် အလွန်ကောင်းမြတ်တော်မူခြင်း အကြောင်း ဖြစ်ပါတယ်။ *သုတ္တံ ၁၉း၂၁ လူသည် အထူးထူး အပြားပြား ကြံစည်တတ်၏။ သို့ရာတွင် ထာဝရဘုရား၏ အကြံတော်သည် တည်လိမ့်မည်။*

ကျွန်မ အသက်တာမှာ အသက်ရှင်သော ကယ်တင်ရှင်ဘုရားကို လက်ခံခဲ့တာ မကြာသေးပါဘူး။ အရင်က ကျွန်မဟာ ယုံကြည်သူ မဟုတ်ခဲ့ပါ ဘူး။ ကျွန်မ သိခဲ့တာက ကိုယ်ကောင်းတာလုပ်ရင် ကောင်းတဲ့ဆီ ရောက်မယ်လို့ပဲ သိခဲ့တာပါ။ ကျွန်မ အသက်တာမှာ ကောင်းတာလည်း ဘယ်လောက် လုပ်နိုင်မှန်း မသိဘူး။ လူဆိုတာ ကိုယ်လုပ်တာကိုယ် ကောင်းတယ်ပဲ ထင်ခဲ့တာပါ။ ကောင်းတာနဲ့ မကောင်းတာ ပြန်ယှဉ်လိုက်ရင် ကောင်းတဲ့အရာ ဘာတစ်ခုမှ မရှိတော့တာ သေချာပါတယ်။ ဒါဆို ကျွန်မ ကောင်းတဲ့ဆီ မရောက်နိုင်တော့ဘူးလို့ သိလာ ရပါတယ်။ ဒါနဲ့ နေ့စဉ်ဖြတ်ကျော်ရတဲ့ ဘဝ တလျှောက်မှာ အလုပ်လုပ်ရင်း နဲ့သေရင် ဘယ်သွားရမှန်းမသိဖြစ်လာပါတယ်။

ဒီလိုနဲ့ ကယ်တင်ရှင်ဘုရားအကြောင်းကို သိရပြီး အသက်ရှင်သော နှုတ်ကပတ်တော်ကို ဆာငတ်ရင်း ဖတ်ရှုခဲ့ပါတယ်။ တရားဒေသနာတော်များကို နှလုံးသွင်း ဆင်ခြင်ရင်းနဲ့ ကျွန်မရဲ့အပြစ်မှကယ်နှုတ်မယ့် ထာဝရအသက်ပေးတဲ့ အသက်ရှင်သော ကယ်တင်ရှင်ဘုရားသခင်ကို ကျွန်မ စိတ်နှလုံး အကြွင်းမဲ့ ယုံကြည် လက်ခံပြီးပြောင်းလဲခဲ့တာပါ။ *ဟေ ၂၆း၃ စိတ်နှလုံး တည်ကြည်သောသူသည် ကိုယ်တော်၌ ခိုလှုံသောကြောင့် ငြိမ်သက်ခြင်း သက်သက် ရှိမည် အကြောင်း စောင့်ရှောက်တော်မူလိမ့်မည်။*

ဘုရားရဲ့ ကတိတော်ရှိတဲ့အတိုင်းပဲ ဘုရားပေးတဲ့ ငြိမ်သက်ခြင်းကို အလွန်မှ ခံစားရပါတယ်။ မြန်မာပြည် နာဂစ် ဖြစ်ပြီးတဲ့နောက် ကျွန်မတို့ Home က 24 hours change prayer ရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်မအချိန်ယူ ဆုတောင်းပေးခဲ့တာတော့ မြန်မာပြည်အတွက် အဓိကဖြစ်ပါတယ်။ ကျွန်မအတွက်တော့ ဘုရားကျွန်မကို ထားချင်တဲ့နေရာမှာ ထားပါလို့ပဲ ရိုးရိုးလေး ဆုတောင်း ခဲ့ပါတယ်။ လူ့အနေနဲ့ ကြည့်ရင် ကျွန်မကို သူတပါး အားမရ စရာတွေ ဖြစ်ခဲ့ပါတယ်။ ကျွန်မ Nursing home ၃နှစ်ကြာအလုပ်လုပ်တဲ့အချိန်မှာ ကျွန်မနဲ့အတူ လာတဲ့သူတွေ တခြားသူတွေကတော့ နည်းအမျိုးမျိုးနဲ့ ဆေးရုံပြောင်းဖို့ စာမေးပွဲဖြေဖို့ ပြင်ကြပါတယ်။ သွားလည်းသွားကြပါတယ်။ ကျွန်မကို ပြောရင်တော့ ဘုရားအလိုရှိတဲ့အတိုင်းပဲလို့ ပြောဖြစ်ခဲ့ပါတယ်။ တကယ်တော့ ကျွန်မ စိတ်ထဲမှာ ဒီစာမေးပွဲကိစ္စကို ကျွန်မတို့ Company ကပေး မဖြေသေးရင်လည်း Staff Nurse တွေကိုစကားလေးအဖြစ်နဲ့ ပြောထားမယ်လို့ စိတ်ကူးရှိပါတယ်။ ဒါပေမဲ့ မပြောဖြစ်ခဲ့ပါဘူး။

ဒီလိုနဲ့@ July 11 ရောက်တဲ့အခါ ကျွန်မတို့ရဲ့ Senior Nursing Admin က ကျွန်မကို Enroll Nurse က စာမေးပွဲဖြေချင်လားလို့ မေးလာတဲ့အခါမှာ ကျွန်မ သိလိုက် ရတာက ဘုရားရှင်က ကျွန်မ စကားလေးအဖြစ်နဲ့ ပြောထား မယ်ဆိုတဲ့ အချိန်ထိ မစောင့်ပဲ သူ့အချိန်တန်တဲ့အခါ သူဘုန်းထင်ရှားဖို့ပဲဖြစ် တယ်ဆိုတာ သိရပြီး ကျေးဇူး တော်ချီးမွမ်းရင်းနဲ့ ဖြေချင်ပါတယ်လို့ ပြောလိုက်တဲ့အခါ စာရွက် စာတမ်း များ စီစဉ်ခိုင်းပါတော့ တယ်။ တကယ်တော့ ဒီနေရာမှာ စာမေးပွဲ ဖြေဖို့ဆိုတာ သိပ်ခက်ပါတယ်။ အရင်က ဖြေခဲ့ဘူးတဲ့သူတွေလည်း အနည်းဆုံး ၄၊ ၅နှစ်မှ ဖြေရ တယ်လို့သိရပါတယ်။ ဘယ်လိုမှ ကျွန်မ ထင်ထားလို့မရတဲ့အရာပါ။ ကျွန်မထက် Senior တွေလည်းရှိပါတယ်။ Senior တစ်ယောက်ကတော့ တခြား နိုင်ငံကိုသွားဖို့ ပြင်နေတာဖြစ်ပါတယ်။ သူ့အတွက်လည်း ကျေးဇူးတော် ချီးမွမ်း ပါတယ်။ တခြား Senior တစ်ယောက်ကိုလည်းမမေးပဲ ကျွန်မကိုပဲ လာမေးတဲ့ အခါ ကျွန်မ ဘာကို ဆင်ခြင်မိသလဲဆိုတော့ ဘုရား ကျွန်မကို ထားချင်တဲ့ နေရာ ဟာ ဒီနေရာပဲ ဖြစ်တယ်ဆိုတာကို ဆင်ခြင်မိပါတယ်။ 18th July ရောက်တဲ့အခါ Senior Nursing Admin ကလာမယ့် ဗုဒ္ဓဟူးနေ့ Interview ဖြေရမယ်လို့ ပြောပါတယ်။ Interview ဖြေရမယ် ဆိုတာသိရတဲ့အခါ ကျွန်မရဲ့ ဆုတောင်းဖော် ဝိညာဉ်ဖော် များကို ဆုတောင်းပေးဖို့ ပြောပါတော့တယ်။

ကျွန်မ အတွက် အမြဲဆုတောင်းပေးနေကြသော ဝိညာဉ်မောင်နှမ များကိုလည်း ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ သူတို့အပေါ်မှာလည်း ဘုရားသခင်ရဲ့ ကောင်းကြီးများ ပိုပြီးသက်ရောက်ပါစေ။ ကျွန်မ ကိုယ်တိုင်လည်း ဆုတောင်း ပါတယ်။ နဂိုတည်းက Interview ဆိုရင်ကြောက် တဲ့ ကျွန်မဟာ English လိုဖြေရမှာ ဖြစ်တဲ့အတွက် ကျွန်မ ဖြေလို့ရမယ့်မေးခွန်းများပဲမေးဖို့ ဘုရားနဲ့ ကျွန်မ ပိုပြီး စကားပြောဖြစ်ပါတယ်။ ဒီလိုနဲ့ ဗုဒ္ဓဟူးနေ့သာ ကုန်သွားပါတယ်။ ကျေးဇူးတော်ကြောင့် Interview မခေါ်ပါဘူး။ နောက်မှ ကျွန်မ သိလိုက်ရတယ်။ အင်္ဂါနေ့မှာ Committee members meeting ရှိပြီး ကျွန်မကို Interview မဲ့ သူက CM အဖြစ်ကနေထွက်သွားပါတယ်။ အရာအားလုံးဟာ ဘုရားသခင်စီမံမှု အောက်မှာ ရှိနေတာဖြစ်ပါတယ်။ ကျေးဇူးတော်ချီးမွမ်းပါတယ်။ နေ့စဉ်

အလုပ်နဲ့ ကျွန်မရဲ့ အသက်တာကို ကျေးဇူးတော် ချီးမွမ်းရင်းနေလာလိုက်တာ စာရွက် စာတမ်း ကိစ္စမှအစ စာကျက်မှတ်တာအဆုံး အရာအားလုံး ကို ဘုရားမှာပဲ အပ်ပါ တယ်။ *တရား ၂၈း၁၃ ထာဝရဘုရားသည် သင့်ကို အမြီး မဖြစ်စေပဲ ခေါင်း ဖြစ်စေတော်မူသဖြင့်၊ သင်သည် အောက်၌ မနေရပဲ အပေါ်၌သာ နေရသော အခွင့် ရှိလိမ့်မည်။* မှန်ပါတယ်။ ဘုရားသခင်က သူ့သားသမီးများ ကို ရှိတဲ့နေရာမှာ အမြီး မဖြစ်စေပဲ ခေါင်းပဲ ဖြစ်စေခဲ့တာပါ။ သူ့ကိုကိုးစားဖို့ပဲ လိုပါတယ်။ သူ့ကိုကိုးစားတဲ့အခါမှာ လူအနေနဲ့ မဖြစ်နိုင်တဲ့ အရာတွေ ဘုရားက အားလုံး ဖြစ်နိုင်ပါတယ်။ လု ၁၈း၂၇ လူ မတတ်နိုင်သော အရာကို ဘုရားသခင် တတ်နိုင်တော်မူ၏ဟု ဆိုထားပါတယ်။

ကျွန်မတို့ရဲ့ ဘုရားသခင်ဟာ အောင်မြင်ခြင်းအရှင် ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ဘုရားသမီးဖြစ်တဲ့ ကျွန်မလည်း ဘုရားပေးတဲ့ အောင်မြင်ခြင်းကို ရရှိပြီးဖြစ်ကြောင်း ယုံကြည်ချက်နဲ့ ကျွန်မဖြေဆိုရမယ့် Sep 24 ရက်နေ့ စာမေးပွဲအတွက် ကြိုတင်ပြီး ကျေးဇူးတော်ချီးမွမ်းပါတယ်။ ဘုရားသခင်ရဲ့နာမ ကမ္ဘာအဆက်ဆက် ဘုန်းကြီး၍မင်္ဂလာရှိပါစေ။ ဖတ်ရှုသူ အယောက်တိုင်းလည်း မင်္ဂလာရှိ၍ တည်ဆောက်စရာဖြစ်စေပါ။ ။ **တင်တင်ခိုင်**

---

## မအိမ်ဖော် 
**ဆူးရင့်ခိမ်း**(ခေတ္တကမ္ဘာမြေ)

အိမ်ဖော်သက်တမ်း (၁၃)နှစ်၊ အသက်(၃၃)နှစ် ပြည့်ပြီးသော ကျွန်မ “မအိမ်ဖော်” တစ်ယောက် (၃)အိမ်မြောက်သော အိမ်ရှင်များနှင့် ထိတွေ့ရင်းနှီး ဆက်ဆံလျှက် ကျန်းမာစွာ အလုပ်လုပ်နေရသောကြောင့် ဘုရားသခင်၏ ကျေးဇူးတော် သက်သက်ဖြစ်ကြောင်း ဝန်ခံပါရစေ။ အိမ်ဖော်အလုပ်ကို စာဖတ်သူများ မည်ကဲ့သို့ ထင်မြင်ယူဆကြပါသနည်း။ အဆင့်အတန်း မရှိသော အလုပ်၊ အနာဂတ်အတွက် တိုးတက်မှု မရှိသောအလုပ်၊ ကျက်သရေ မင်္ဂလာ မရှိသော အလုပ် အစရှိသဖြင့် ဟိုဟိုဒီဒီ ထင်မြင်မိသူများ ရှိကောင်းရှိပါလိမ့်မည်။ ထို့အတွက်ကြောင့်လည်း နေရင်းထိုင်ရင်း ခလုတ်တိုက်သည့် မေးခွန်းလေးများကို ကျွန်မ အမေးခံရဖူးပါသည်။ ဥပမာ–ကျွန်မ၏ မျိုးရိုးထဲတွင် အိမ် အလုပ်လုပ်ကိုင်သူများ ရှိပါသလား။ ဘာညာကွိကွ အမေးများပင် ဖြစ်သည်။ ကျွန်မ၏ အဖြေမှာလည်း ရှင်းသည်။ “မရှိပါ၊ စိတ်လည်း မဝင်စားကြပါ” ကျွန်မ တစ်ယောက်တည်း သာလျှင် သတ္တိရှိရှိ လုပ်ကိုင်သောကြောင့် မိသားစုထဲတွင် “သူရဲကောင်းမ” ဟု အမေက နာမည်ပေးခဲ့ဖူးပါသည်။ အားလုံးသော မေးခွန်းများထဲတွင် အိမ်ဖော်အများစု ဦးနှောက်ခြောက်စေသော မေးခွန်းတစ်ခုကို ကျွန်မ သခင့်စကား စာစောင်အားဖြင့် ပြန်လည်ဖြေကြားပါရစေ။ ကျိန်ခြင်း အမင်္ဂလာ ခံနေရသော သူများထဲတွင် အိမ်ဖော် အလုပ် လုပ်ကိုင်နေသောသူများ ပါဝင်နေပါသလား။ အဖြေမှာ ရှင်းသည် “No” မပါဝင်ပါ။ အချို့သော ကျမ်းတတ်ပုဂ္ဂိုလ်များ၏ အယူအဆ၊ အယုံအကြည်၊ အသင်အပြ၊ အပို့အချ များကြောင့် နှလုံးတုန် ရင်ခုန်၍ မရှိသည့်သွေးတိုးများ ကြံကြံဖန်ဖန် တက်လာ၍ တောင်တွေးမြောက်တွေး ဖြစ်မနေပါနှင့်။ အကြောင်းမှာ ကားတိုင်ပေါ်တွင် ခရစ်တော် အသေခံခြင်းသည် ယုံကြည်လက်ခံရရှိပြီးသော သင်နှင့်ကျွန်ုပ်အတွက် အမျိုးမျိုးသော အကျိန်နှင့် စပ်ဆိုင်သည့်အရာများ၊ အမင်္ဂလာများ အဆုံးသတ် ချုပ်ငြိမ်းဖြတ်တောက် ပြီးဆုံးသွားသောကြောင့်တည်း။ ထိုကားတိုင်တော်၏ တန်ခိုးကို သင်မည်ကဲ့သို့ ယုံကြည်ခံယူထားသနည်း။ သင်မည်ကဲ့သို့ ရရှိထားသနည်း။ သင်နှင့်ကျွန်ုပ်၏ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ အနာကို ငြိမ်းစေပြီးဖြစ်သည်။

ခေတ်အဆက်ဆက် ဓမ္မဟောင်းမှ အဖြစ်အပျက်များကို တူးဆွ ဖော်ထုတ်၍ သင့်ကိုခြောက်လှန့်နေသော အယူအဆ၊ အယုံအကြည်များကို ကားတိုင်တော်နှင့် အဆုံးသတ်လိုက်ပါ။ သင်နှင့်ကျွန်မ၏ တစ်ခုတည်းသော လွတ်မြောက်ခြင်းသည် ခရစ်တော်၏ ကားတိုင်ပင်ဖြစ်သည်။ ဓမ္မဟောင်းထဲမှ ဘုရားသခင်၏ မျက်နှာလွှဲခြင်းကို ခံရသောသူများထဲတွင် သင်နှင့်ကျွန်မ လုံးဝမပါ ပါဟု ခရစ်တော်အားဖြင့် ရှင်းရှင်းလင်းလင်း မြင်တွေ့ယုံကြည်ထားဖို့ အရေးကြီးပါသည်။ “အိမ်ဖော်နှင့်ကျွန်” (maid and slave) ဆိုသည့် စကားနှစ်ခုမှာလည်း ကွဲပြားလျက် ရှိပါသည်။ “ကျွန်”ဟုခေါ်ဝေါ်သတ်မှတ် ထားသောသူသည် ဖိနှိပ်ညှဥ်းဆဲ ပင်ပန်းကြီးစွာ အလုပ်လုပ်ရ၍ အဖိုးအခမရှိ စိတ်တိုင်းကျ ချယ်လှယ်သိမ်းပိုက်ခံရသောသူများဖြစ်သည်။ ယနေ့အိမ်ဖော်များသည် အဖိုးအခများ ရရှိထား သော အလုပ်တခုသာ ဖြစ်သည်။ တိုင်တောရန် ဥပဒေရှိပါသည်။ ညှဥ်းဆဲခြင်း ခံရပါက “ရဲ”ခေါ်နိုင်ပါသည်။ တိုင်ခြင်း မတိုင်ခြင်းသည် မိမိနှင့်သာ ဆိုင်သည်။

“ကျွန်”အဖြစ် ဖမ်းဆီးခံရသော သမ္မာကျမ်းစာပါ ဘုရားသခင်၏ လူမျိုးများထဲ၌ပင်လျှင် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေသော သက်သေ သာဓကများနှင့် အသက်ရှင်နိုင်သေးပါက လခရ၍ အိမ်အလုပ်လုပ်ကိုင်နေသော ကျွန်မကဲ့သို့ အိမ်ဖော်များ သာ၍ ဘုရားရှင်ဘုန်းတော် ထင်ရှားစေနိုင်ဦး မည်ဖြစ်သည်။ သင်နှင့် ကျွန်မ၏ အနာဂတ်သည် အသက်ရှင်သောခရစ်တော်ဘုရားနှင့် လုံးဝသက်ဆိုင်ပါသည်ဟု ကိုယ့်စိတ်နှလုံးအမြင်ကြည်ပါက ဘယ်နေရာ၊ ဘယ်အခြေအနေ၊ ဘယ်ဘဝမှာပဲ ရှိနေပါစေ သစ္စာရှိရှိ ကျေးဇူးတော်ချီးမွမ်းနိုင်မည်ဖြစ်သည်။ အိမ်အလုပ်ကို မည်သူမည်ဝါက မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆို ရှင်းလင်းသွန်သင်နေပါစေ။ အိမ်အလုပ်ကို ဂျုံးကပ်နေအောင်လုပ်သော ကျွန်မ “မအိမ်ဖော်”က အမုန်းမဖက် အပြုံးကလေးနဲ့ တုန့် ပြန်မှာဖြစ်ပါတယ်။ အဘယ့်ကြောင့်ဆိုသော် ဤအိမ်အလုပ်ရရှိဖို့အရေး passport နှင့် လေယာဥ်လက်မှတ်အပြင် agent ခကိုပါ ဒေါ်လာပေး၍ ရင်းခဲ့ရ သောကြောင့်ဖြစ်သည်။ လက်ရှိ တွင်လည်း အိမ်အလုပ်ကြောင့်သာလျှင် မိသားစုများ ဝမ်းဝ ခဲ့ရသည်။ တောင့်တင်း ခိုင်မာသည့်အိမ်နှင့် နေရသည်။ မိမိနှင့် သက်ဆိုင်သူများအပြင် ပတ်ဝန်းကျင်မှ လိုအပ်သူများကို ငွေကြေးဖြင့် ကူညီနိုင်ခဲ့သည့်အပြင် ဓမ္မအမှုတော်ဆောင်များကိုပါ လှူဒါန်းပါဝင်နိုင်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အလုပ်လက်မဲ့ဖြစ်၍ စိတ်ပူသူများ၊ စီးပွားပျက် စီးပွားကျသောကြောင့် ငွေရှင်ကြေးရှင် ကုမ္ပဏီပိုင်သူဌေးများ depress ဖြစ်၍ မိမိကိုယ်သေကြောင်းကြံသူများ ဦးရေတိုးတက်လာသော်လည်း ကျွန်မ“မအိမ်ဖော်”မှာတော့ depress မပြောနှင့် အဆီပျက် စရာပင်မရှိသောကြောင့် တနေ့တခြား ကျန်းမာဝဖြိုး၍ အလှတိုး လျှက်ရှိပါသည်။ (ဟာလေလုယ)

ချစ်သော စာဖတ်သူများနှင့် အိမ်ဖော်များတို့ရေ။ ဘာအလုပ်ပဲ လုပ်နေရ ကိုင်နေရပါစေ၊ သင်နှင့် ကျွန်မအတွက် မိတ်ဆွေယေရှု ရှိကြောင်း မမေ့ပါနှင့်။ ယေရှုကိုသာ ရင်ဖွင့်ပါ၊ တိုင်ပင်ပါ၊ အော်ဟစ်ပါ၊ ဝန်ချပါ၊ တောင်းပန်ပါ၊ ငိုယိုပါ၊ ရင်းနှီး ပွင့်လင်းစွာ မိမိဘဝ အဖော်မွန်အဖြစ် အားကိုးယုံကြည်ကြပါ။ လက်ရှိဘဝ ဘယ်လိုလဲဆိုတာ ယေရှုဘုရားနဲ့သာ အဖြေညှိကြပါ။ ကျေးဇူးတော်ကို ခံစားနေရသော သူများထဲတွင် သင်နှင့်ကျွန်မ ပါကြောင်း အမြဲ သတိရပါ။ ခရစ်တော်သာလျှင် ကျွန်မရဲ့ ဘဝ အဖြေ ဖြစ်တာကြောင့် အိမ်ဖော်အလုပ်ကို တွေးတောခြင်းမရှိပဲ ချီးမွမ်းခြင်းဖြင့်သာ နောက်နှစ်အထိ ဆက်လက်လုပ်ကိုင်ရပါဦးမည်။ ဒါပေမယ့်လည်း ကျွန်မ တစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ အိမ်ဖော်အလုပ်ကို ကြင်ဖော် ယေရှုနဲ့အတူ အသက်ရှင်လုပ်ကိုင်သွားမှာ ဖြစ်ကြောင်း ကြေညာ လိုက်ပါရစေ။ “အိမ်ဖော်” ဆိုပေမယ့် “ကြင်ဖော်ယေရှု” နဲ့ပါနော်လို့။ ။ **ဆူးရင့်ခိမ်း**

---

## လူသားအမေးနှင့်ဘုရားပေးအဖြေ 
**SAMUEL SOE LWIN** *ကလေး ။ချင်းပြည်*

အမေး–ထာဝရဘုရားရှေ့တော်၌ ကျွန်ုပ်အမှန်စစ်ဆေးခြင်းခံရမည်လား

အဖြေ–ငါတို့ရှိသမျှသည်ဘုရားသခင်၏ စစ်ကြောတော်မူခြင်းကိုခံရကြမည် (ရော၁၄း၁၂)

အမေး–ဘုရားရှင်သည်ကျွန်ုပ်အပြစ်များအားလုံးကိုမြင်ပါ၏လော

အဖြေ–ငါတို့ကိုစစ်ကြောစီရင်တော်မူသောသူရှေ့၌မထင်ရှားသောအရာတစုံတရာမျှမရှိ၊ ခပ်သိမ်းသောအရာတို့သည်အကွယ်အကာမရှိဘဲ၊မျက်မှောက်တော်၌လှန်ထားလျှက်ရှိကြ၏။ဟေ၄း၁၃

အမေး–ဘုရားရှင်သည် အပြစ်အတွက်စွဲချက်ပြုမည်လော။

အဖြေ–လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့် ရှေ့မှောက်၌ အသရေပျက်ကြပြီ (ရော ၃း၂၃၊ ဂလာတိ ၃း၂၂)

အမေး–ဘုရားရှင်သည် အပြစ်အတွက်စီရင်ချက်ကိုပြုမည်လော။

အဖြေ–အပြစ်တရား၏အခကားသေခြင်းဖြစ်သည် (ရော ၆း၂၃၊ ယေဇ ၁၈း၄)

အမေး–ထိုသို့ဖြစ်လျှင်အကျွန်ုပ်ပျက်စီးရတော့မည်လော

အဖြေ–ငါတို့တွင်အဘယ်သူမျှမပျက်စီးဘဲ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော် ရှိ၏။ (၂ ပေ ၃း၉)

အမေး–ကျွန်ုပ်အဘယ်သို့လွတ်မြောက်နိုင်မည်နည်း။

အဖြေ–သခင်ယေရှုခရစ်ကိုယုံကြည်လော့၊ ယုံကြည်လျှင် သင်နှင့်သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ရောက်ကြရလိမ့်မည်။ (တ ၁၆း၃၁)

အမေး–ထိုအရှင်သည်အကျွန်ုပ်ကားကယ်တင်ခြင်းငှာ စွမ်းနိုင်ပါ၏လော။

အဖြေ–အကြင်သူတို့သည်ယေရှုအားဖြင့်ဘုရားသခင့်ထံတော်သို့ချဉ်းကပ်ကြ၏။ထိုသူတို့၏အမှုကို ကိုယ်တော်သည်စောင့်လျှက် ကာလအစဉ် အသက်ရှင်သောကြောင့် လူ တို့ကိုအစဉ်ကယ် တင်ခြင်းငှာတတ်နိုင်တော်မူ၏ (ဟေဗြဲ ၇း၂၅)

အမေး–ထိုဘုရားသည်အကျွန်ုပ်အား ကယ်တင်လိုပါ၏လော။

အဖြေ–ယေရှုခရစ်သည်အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှာ၊ ဤလောကသို့ ကြွလာတော်မူ သည်ဟူသောစကားသည် သစ္စာစကားဖြစ်၏။ အကြွင်းမဲ့ ခံယူအပ်သော စကားလည်း ဖြစ်၏။ (၁တိ ၁း၁၅၊ ၁တိ ၂း၄)

အမေး–ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်ကယ်တင်ခြင်းရောက်ရှိနိုင်မည်လော။

အဖြေ–သားတော်ကိုယုံကြည်သောသူသည် ထာဝရအသက်ကိုရ၏။ သားတော်ကို

ပယ်သော သူမူကား အသက်ကို မတွေ့ရ၊ ထိုသူ၏ အပေါ်၌ ဘုရားသခင်၏ အမျက်တော် တည်နေ၏။ (ယော ၃း၃၆)

အမေး–ယခုကျွန်ုပ်ကယ်တင်ခြင်းကိုရရှိနိုင်ပါ၏လော။

အဖြေ–ဗျာဒိတ်တော်အချက်ဟူမူကား၊ နှစ်သက်ဘွယ်သောအချိန်၌ သင်၏ စကားကို ငါနားထောင် ပြီ၊ ကယ်တင်ရာနေ့ရက်ကာလ၌သင့်ကိုငါမစပြီဟူ၍ လာသည်နှင့်အညီ ယခုပင် နှစ်သက် ဘွယ်သောအချိန်ရှိ၏။ ယခုပင် ကယ်တင်ရာ နေ့ရက်ကာလရှိ၏ ။ (၂ ကော ၆း၂)

အမေး–ကျွန်ုပ်လက်ရှိအခြေအနေအား ထိုအရှင်လက်ခံပါမည်လော။

အဖြေ–ခမည်းတော်သည်ငါ့အားပေးတော်မူသမျှသောသူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။ ငါ့ထံသို့လာသော သူတို့ကို ငါသည် အလျှင်းမပယ်။ ယော၆း၃၇

အမေး–ကျွန်ုပ်လမ်းလွဲ(ဝါ)လမ်းမှားချေရှိနိုင်၏လော။

အဖြေ–ထိမိ၍လဲခြင်းနှင့်ကင်းလွတ်စေမည့်အကြောင်း သင်တို့ကို စောင့်ရှောက်စေခြင်းငှာ ၄င်း၊ အပြစ်မရှိဘဲ ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံလျှက်ရှိသော သင်တို့ကို ဘုန်းအသရေတော်ရှေ့၌ ဆက်သခြင်းငှာ ယေရှုခရစ်တတ်နိုင်တော်မူ၏ (ယု ၂၄–၂၆)

အမေး–အကျွန်ုပ်ကယ်တင်ခြင်းရပြီးနောက် မည်သို့အသက်ရှင်ရမည်နည်း။

အဖြေ–လူအပေါင်းတို့သည်သေလျက်နေကြသည်ဟူ၍၄င်း၊ အသက်ရှင်သောသူတို့သည် တဖန် ကိုယ်အလိုသို့လိုက်၍မရှင်၊ သူတို့အတွက်ကြောင့် အသေခံပြီးမှထမြောက်တော်မူသောသူ၏အလိုသို့လိုက်၍ ရှင်စေမည့်အကြောင်း ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကို အနိုင်အထက် သွေးဆောင်တော်မူ၏ (၂ကော ၅း၁၅)

အမေး–ကျွန်ုပ်အတွက်သေခြင်းတရားနှင့် ထာဝရကံကြမ္မာကားအဘယ်သို့နည်း။

အဖြေ–ငါ့အဘ၏အိမ်တော်၌နေစရာအခန်းများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကိုသင်တို့အား ငါမပြောဘဲမနေ၊ သင်တို့ နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည်သွား၍သင်တို့နေစရာအရပ်ကိုပြင်ဆင်ပြီးမှ တဖန်ပြန်လာ၍ ငါရှိရာအရပ်၌သင်တို့ရှိစေခြင်းငှာ သင်တို့ကိုငါ့ထံသို့သိမ်းဆည်းမည်။ (ယော ၁၄း၂–၃)

SAMUEL SOE LWIN (ကလေးမြို့၊ ချင်းပြည်နယ်)

---

## ကျွန်တော်နှင့်မုန်တိုင်းဒေသအမှတ်တရ (၇) မင်းအောင်သက်လွင်

(ယခင်လမှအဆက် "ဇာတ်သိမ်းပိုင်း") ၂၇ရက်နေ့ မနက် ၁၀နာရီလောက်မှာ ကွမ်းသီးချောင်းရွာ (ပေါ်တော်မူ နတ်ချောင်း) ကို သွားဖို့ တည်းခိုရာနေ အိမ်ကနေ မော်တော်ဆိပ် ဘက်ကို ကျွန်တော် တို့ အဖွဲ့ ဆင်းလာခဲ့ကြပါတယ်။ လမ်းခုလတ်မှာ မိတ်ဆွေဟောင်း တစ်ဦးကို မထင်မှတ်ဘဲတွေ့လိုက်ရလို့ ဝမ်းသာအားရ နှုတ်ဆက်လိုက်မိပါတယ်။ အဲဒီ မိတ်ဆွေက လွန်ခဲ့တဲ့ တစ်နှစ်လောက်က စင်ကာပူမှာ ဓမ္မပညာ လာဆည်းပူးတဲ့ နယ်စပ်မြို့လေးက တိုင်းရင်းသား အမှုတော်ဆောင် ဆရာတစ်ပါး ဖြစ်နေလို့ပါဘဲ။ စင်ကာပူမှာ သူလဲ ၃နှစ်လောက် နေထိုင်ကျောင်းတက်ခဲ့တဲ့ အတွက် ကျွန်တော်တို့ စင်ကာပူက အသင်းသားတွေနဲ့ ရင်းနှီးပြီးသား ဆရာ ဖြစ်ပါတယ်။ အခုလို မချိန်းချက်ထားဘဲ နာဂစ်ဒေသ ဘိုကလေးမြို့မှာ ပြန်ဆုံခွင့်ရလို့ ကျွန်တော်တို့ တစ်ဖွဲ့လုံး ဝမ်းသာနေကြပါတယ်။

အဲဒီဆရာက နာဂစ် မုန်တိုင်းဖြစ်ပြီးတဲ့နောက်မှာ သဘာဝ ဘေးဒဏ်ခံနေရတဲ့ ဒုက္ခသည်တွေကို ကူညီဖို့ အလှူငွေတွေ ရထားတဲ့အတွက် စင်ကာပူက လာတဲ့ ကျွန်တော်တို့ အဖွဲ့နဲ့ ပူးပေါင်းပြီး လှူဒါန်းချင်တာကြောင့် ဘိုကလေးကနေ ရန်ကုန်၊ ရန်ကုန်ကနေ ဘိုကလေးကို ခေါက်တုံ့ခေါက်ပြန်ဆင်းပြီး ကျွန်တော်တို့ အဖွဲ့ကို လိုက်လံရှာဖွေခဲ့ကြောင်း ပြောပြပါတယ်။ ကျွန်တော်တို့ အဖွဲ့ကလဲ လှူဒါန်းတာ လက်လွန်သွားလို့ အကြွေးတင်နေတဲ့အချိန် နောက်ဆုံးနေ့မှာ အဲဒီဆရာကလဲ ရန်ကုန်ကနေ နောက်ဆုံးရတဲ့ သတင်းအရ ကျွန်တော်တို့ အဖွဲ့ရှိတဲ့ ဘိုကလေးကို ရုပ်ပြေးသဘော် (အမြန်ရေယာဉ်) စီးပြီး သူ့မိတ်ဆွေ နှစ်ယောက်နဲ့ အတူ အမှီ လိုက်လာခဲ့တာ ကျွန်တော်တို့ အဖွဲ့ ခရီးမထွက်ခင် လက်မ တင်လေး အလိုမှာ တွေ့ဆုံသွားခဲ့ပါတယ်။ တကယ့်ကို အံ့သြစရာပါ။ ညက ပိုက်ဆံမရှိတော့လို့ လှူသင့် မလှူသင့် အငြင်းပွားပြီး ဆုံးဖြတ်ရ ခက်ခဲ့တဲ့ ကျွန်တော်တို့ အဖွဲ့ဟာ မနက်မိုးလင်း ခရီးမထွက်ခင်မှာ အလှူငွေပေးမဲ့ သူကို ဘုရားရှင်က အချိန်မီ ပို့ပေးခဲ့ပါတယ်။ ဘိုကလေးမြို့နဲ့ တစ်နာရီလောက်ဘဲ မော်တော်စီးရတဲ့ ကွမ်းသီး ချောင်းရွာကို ကျွန်တော်တို့ ထွက်လာခဲ့ကြပါတယ်။ ရွာထဲကို ရောက်တော့ ကျောင်းအုပ် ဆရာဟောင်းကြီးရဲ့ အိမ်မှာ ခနတည်းခိုကြပါတယ်။ ရွာက အိမ်ခြေ ၁၂၇အိမ် ရှိပြီး တစ်ရွာလုံး မယုံကြည်သူရွာ ဖြစ်တဲ့အတွက် ဘုရားကျောင်း လုံးဝ မရှိပါဘူး။ ဘုန်းတော်ကြီးကျောင်းဘဲ ရှိပါတယ်။ ရွာမှာက ကျောင်းထိုင် ဘုန်းကြီးနဲ့ မူလတန်း ကျောင်းအုပ်ဆရာကြီး (အငြိမ်းစား)တို့က သြဇာ ညောင်းပါတယ်။ မူလတန်း စာသင်ကျောင်းလေး တစ်ကျောင်းရှိပါတယ်။ သူငယ်တန်းကနေ လေးတန်း အထိ စာသင်ကြားနေတဲ့ ကျောင်းသား၊သူ စုစုပေါင်း ၉၀ယောက် ရှိပါ တယ်။ ကျောင်းအုပ်ဆရာမ တစ်ယောက်နဲ့ အကူ ဆရာမ တစ်ယောက် တို့က ကျောင်း သားလေးတွေကို စာသင်ပေးနေပါတယ်။ ရွာထဲမှာ မိသားစု ၁၂၇အိမ် ရှိပေမဲ့ တစ်ချို့အိမ်မှာက လူပျိုကြီး အပျိုကြီးတွေ၊ မုတ်ဆိုးမတွေနဲ့ မုတ်ဆိုးဖိုတွေ ရှိကြပါတယ်။ နာဂစ်မုန်တိုင်းကြောင့် တစ်ရွာလုံးမှာ လူနှစ်ယောက်သာ သေဆုံးခဲ့ ပါတယ်။ အိမ်တွေ ပစ္စည်းဥစ္စာတွေ ကတော့ တော်တော်များများ လေထဲ ရေထဲ လွင့်ပါ ပျောက်ဆုံးသွားခဲ့လို့ ရွာထဲက အိမ်တွေအားလုံး ပြန်လည်ပြုပြင် ဆောက်လုပ်ထားတာဖြစ်ပါတယ်။ အရင်တုံးက အိမ်ကြီးခရိုင်နဲ့ နေခဲ့ကြ တဲ့သူတွေ အားလုံး အခုတော့ ယာယီ တဲအိမ်လေး တွေနဲ့ ဘဲ နေနေကြရပါတယ်။

ကျွန်တော်တို့ အဖွဲ့က တစ်အိမ်ထောင် ဆန်တစ်အိတ်နှုန်းနဲ့ ပေးလှူခဲ့ပါတယ်။ သူတို့ အရမ်းဝမ်းသာကြပါတယ်။ တစ်လစာ စားနပ်ရိက္ခာ ဖူလုံသွားပြီလို့ ပြောပြကြပါတယ်။ မပေးလှူခင်မှာ စင်ကာပူက ဆရာကြီးက တရား စဟောပါတယ်။ ရွာသူရွာသားများကို မြင်မြင်ချင်းဘဲ ချစ်မိတဲ့အကြောင်း နိဒါန်းလေးနဲ့ အစပျိုးပြီး ဧဝံဂေလိတရားကို ဟောခဲ့ပါတယ်။ နာမည်ခေါ်ပြီး တစ်အိမ်ချင်း စီကို ဆန်တစ်အိတ်စီ ပေးလှူခဲ့ပါတယ်။ နေ့လည်ဘက်မှာ ရွာခံ လူတွေက နေ့လည်စာ ထမင်းဟင်းနဲ့ တည်ခင်းဧည့်ခံတာမို့ ကျွန်တော်တို့ အဖွဲ့ သား တွေ အားရပါးရ စားခဲ့ကြပါတယ်။ ထမင်းစားပြီးတော့ ကျွန်တော် ရန်ကုန် ကနေ ဝယ် လာတဲ့ သကြားလုံးလေးတွေ ကျန်သေးတာမို့ ကလေးတွေကို ကျွေးချင်တာကြောင့် ကျောင်းမတက်ဘဲ ကစားနေတဲ့ ကလေးတွေကို သီချင်းသင် ပေးချင်တဲ့ အတွက် ရွာလူကြီးဆီ ခွင့်တောင်းတဲ့အခါ ရွာလူကြီး (အငြိမ်းစား မူလတန်း ကျောင်းအုပ်ဆရာကြီး) က စာမသင် ကျောင်းမနေတဲ့ ကလေးတွေအပြင် စာသင်ကျောင်းထဲမှာ ရှိတဲ့ ကလေးတွေကိုပါ သီချင်းသင်ပေးနိုင်ကြောင်းပြောပြီး စာသင်ကျောင်းဆီ ခေါ်သွားခဲ့ပါတယ်။ နာဂစ် မုန်တိုင်းဒဏ်ကြောင့် ပျက်ဆီး သွားတဲ့ ကျောင်းဆောင်ထဲမှာ ကလေး အယောက် ၉၀ (သူငယ်တန်းမှ စတုတ္ထတန်း အထိ) ဟာ ဆရာမ နှစ်ယောက် သင်ကြားမှုကို ခံယူနေတာ တွေ့လိုက် ရပါတယ်။ ကလေးတွေကို သီချင်းသင်ပေးဖို့ ဆရာ ကြီးနဲ့ ဆရာမတွေက အခွင့် ပေးတာကြောင့် ကျွန်တော် ရေးစပ် ထားတဲ့ ဓမ္မသီချင်းတိုလေး တစ်ပုဒ် (ပန်းတိုင်း လှပါတယ်) ကို နာဂစ်နဲ့ ကိုက်ညီတဲ့ သမ္မာကျမ်းစာထဲက အဖြစ်အပျက် တစ်ခုဖြစ်တဲ့ နောသင်္ဘော အကြောင်း ကလေး တွေကို ဧဝံဂေလိ ဟောပြောခွင့် ရခဲ့ပါတယ်။ ကလေး တွေကလဲ သီချင်းကို အမူ အယာနဲ့ လိုက်ဆိုကြပါတယ်။



မေးခွန်းလေးတွေ မေးပြီး ဖြေနိုင်တဲ့ ကလေးတွေကို ဆု အဖြစ် သကြားလုံးလေးတွေ ပေးဝေခွင့် ရခဲ့ပါတယ်။ တခြား လူတွေ တော့ မသိဘူး။ ကျွန်တော်ကတော့ နာဂစ် မုန်တိုင်းဒဏ် ခံနေရတဲ့ ရွာတွေအားလုံးထဲက သွားခဲ့သမျှ ရွာတွေထဲမှာ ကွမ်းသီးချောင်းရွာမှာ သွားလှူရတာ အပျော်ဆုံးပါဘဲ။ ဘာဖြစ်လို့လဲဆိုတော့ ဆေးပညာ ဘာမှ မတတ်တဲ့ ကျွန်တော် ဟာ ဒီရွာရောက်မှဘဲ ကျွန်တော် လုပ်နိုင်တဲ့ ဓမ္မပညာ သင်ခွင့် ရခဲ့လို့ပါဘဲ။ စင်ကာပူမှာ ရှိနေတုံးက နာဂစ်မုန်တိုင်း ဒဏ် ခံ နေရတဲ့ သူတွေကို အမှတ်တရ ဆုတောင်းပွဲလေး စီးတီးဟောရှေ့က စိန့်အန်ဒရူး ကသီဒရယ်မှာ လုပ်ခဲ့တယ်။ အဲဒီတုံးက သူတို့ကို မမြင်ဖူးပေမဲ့ သူတို့ကို သနားလွန်းလို့ ဆုတောင်းပေးရင်း မျက်ရည်ကျ ခဲ့ဖူးပါ တယ်။ အခုတော့ သူတို့ဒုက္ခခံရာ မြေပေါ်ကို ကျွန်တော် ကိုယ်တိုင် ရောက်လာ ခဲ့တဲ့အခါ သူတို့နဲ့ မျက်နှာချင်းဆိုင် ဆုံတွေ့ပြီး ထပ်တူ မျက်ရည် ကျခဲ့ရပါတယ်။ ကျမ်းပိုဒ်လေး တစ်ချက်ကို သတိရမိပါရဲ့၊ မဿဲ၅း၄ စိတ်မသာ ညည်းတွားသော သူတို့သည် မင်္ဂလာရှိကြ၏၊ အကြောင်းမူကား ထိုသူတို့သည် သက်သာခြင်းသို့ ရောက်ရကြလတ္တံ့။ ညနေ ၂နာရီ မှာတော့ ဘိုကလေးကို ပြန်လာခဲ့ကြပါတယ်။ ညနေ ၆နာရီ မှာတော့ မှန်လုံ ဘတ်စ်ကားနဲ့ ရန်ကုန်ကို ပြန်လာခဲ့ကြပါတယ်။ ညနက်ချိန် ၁၁နာရီ မှာတော့ နေရင်းမြို့ကို ဘေးကင်း လုံခြုံစွာ ပြန်ရောက်ခဲ့ပါတယ်။ ။ (ပြီးပါပြီ) မင်းအောင်သက်လွင်

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin, Blk 76A #30-02**
**Red hill road, Singapore 151076**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် **အခမဲ့** ဖတ်ရှုနိုင်ပါသည် ))

မင်း အောင် သက် လွင် မှ ခဉ် ထုတ် ဝေ သည်